ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ အင်္ဂါနေ့၊ (20-7-2010) (၆၄၆၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ

မအူပင်(တောင်)ဒေသ ပေနက်အစမ်းတွင်း အမှတ်(၁) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်အတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မအူပင်(တောင်)ဒေသ ပေနက်အစမ်းတွင်း အမှတ်(၁) ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်နေသောလုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မအူပင်(တောင်)ဒေသအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေစမ်းသပ်တူးဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်တင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

နောင်အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် အမျိုးသားအမွေအနှစ် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ

သတင်းဆောင်းပါး
မောင်တွေးထက်
ဓာတ်ပုံမှတ်တမ်း - ကြေးမုံ
အဆင်အပြင် - ခင်မျိုးနိုင်

မီးခလုတ်ကို လက်ညှိုးကလေးနဲ့ ဖိလိုက်တဲ့အခါ 'ဂျောက်' (ချောက်)ဆိုတဲ့အသံ ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပဲ မီးချောင်း (မီးလုံး)က အလင်းရောင် ဖြာကျလာပါတယ်။ ဩော်. . . ခလုတ်ကလေးနှိပ်လိုက်ရုံနဲ့ အလင်းရောင်ရတယ်ဆိုတော့ ငှက်ပျောသီး အခွံနွှာစားသလောက်တောင် မခက်ပါလားလို့ ထင်စရာရှိပါတယ်။

တကယ်တော့ ဒီလောက်မလွယ်ပါဘူး။ လျှပ်စစ်အလင်းရောင် ရရှိရာ ရရှိကြောင်း အရင်းခံအကြောင်းရင်းကိုသာ ဂဃနဏ သိကြမယ်ဆိုရင် ခလုတ်လေးနှိပ်ရုံနဲ့ မီးလင်းအောင် ဘယ်လောက်အထိ ခက်ခက်ခဲခဲနဲ့ အဆင့်ဆင့် ကြိုးပမ်းလုပ်ဆောင်ရတယ်ဆိုတာကို သဘောပေါက်ပါလိမ့်မယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ပေးနိုင်မည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံ တည်ဆောက်ပြီးစီးမှုကို ဝဲဘက်မှ တွေ့ရစဉ်။

ကြေးမုံ The Mirror
၂၀-၇-၂၀၁၀ (အင်္ဂါနေ့)

ဈေးကွက်ဝင်ပဲအမျိုးမျိုး တိုးချဲ့စိုက်ပျိုး

ယခုနှစ်များအတွင်း ပြည်တွင်း၊ ပြည်ပပဲဈေးကွက်တွင် ပဲဈေးကောင်းမွန်နေသည်။ ကမ္ဘာ့ပဲဈေးကွက်တွင် ပဲလိုအပ်ချက် မြင့်မားလာမှုကြောင့် ဈေးကွက်ဝင်ပဲများ တိုးချဲ့စိုက်ပျိုးလာကြောင်းတွေ့ရသည်။ ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်ရှိသည့် မတ်ပဲကို ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့တွင် စိုက်ပျိုးကြသည်။ ကုလားပဲကို စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် အဓိက စိုက်ပျိုးလျက်ရှိသည်။

ပဲအမျိုးမျိုးအနက် မအူပင်၊ ဓနုဖြူ၊ ဇလွန်၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင်တို့မှ ထွက်သည့် မတ်ပဲများ၊ ခရမ်းသုံးခွဒေသထွက် ပဲတီစိမ်းများ ဈေးကွက်တွင်နာမည်ရနေသည်။ ပဲပုပ်သည်လည်း ပြည်ပတင်ပို့ရမှုကောင်းမွန်သဖြင့် တိုးတက်စိုက်ပျိုးနေကြပြီ။ မန္တလေးတိုင်းတွင် ပဲပုပ်ကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြပြီ။ မတ္တရာ၊ မြင်းခြံ၊ ငါန်းဇွန်မြို့နယ်တို့တွင် အများအပြား စိုက်ပျိုးလေ့ရှိကြသည်။

မြန်မာနိုင်ငံ၏ ပဲတင်ပို့မှုအခြေအနေသည် နှစ်စဉ်မြင့်တက်လာလျက်ရှိသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပဲတန်ချိန် ၁၁သိန်းကျော်၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပဲတန်ချိန် ၁၃ သိန်းကျော်၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပဲတန်ချိန် ၁၅ သိန်းကျော်နှင့် ၂၀၀၉-၂၀၁၀ခုနှစ်တွင် ပဲတန်ချိန် ၁၃သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်းတွေ့ရသည်။

ကမ္ဘာ့ပဲမျိုးစုံတင်ပို့ရောင်းချမှုတွင် ၂၀၀၀-၂၀၁၀ခုနှစ်မှစ၍ ပဲဒုတိယအများဆုံးတင်ပို့သော နိုင်ငံဖြစ်လာသည်။ မြန်မာ့ပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နေပြီး အင်ဒိုနီးရှား၊ ပါကစ္စတန်၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ တရုတ်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံအချို့သို့လည်း တင်ပို့နေကြောင်း သိရသည်။

မြန်မာ့ပဲမျိုးစုံသည် ဈေးကွက်ရှိသဖြင့် တိုးမြှင့်တင်ပို့နိုင်ရုံသာမက ဈေးကောင်းရရှိရေးအတွက်လည်း အားထုတ်ကြိုးပမ်းကြရပေမည်။ ဈေးကွက်တွင် ဝယ်လိုအားရှိသည့် ပဲမျိုးများ တိုးချဲ့စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲရမှုနည်းသည့် ပဲမျိုးများ ရွေးချယ်စိုက်ပျိုးခြင်းတို့လည်း အလေးထားကြရမည့်အချက်များဖြစ်သည်။

ပြည်ပ ပဲဈေးကွက်တွင် ပဲလိုအပ်ချက်နှင့် ပဲဈေးမြင့်တက်နေသည်။ ပြည်တွင်း၊ ပြည်ပပဲဈေးကွက်တွင် မြန်မာ့ပဲမျိုးစုံသည် ရောင်းတမ်းဝင် မျက်နှာပန်းလှ နာမည်ရရှိပြီးဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် အရည်အသွေးမြင့် အထွက်တိုးပဲမျိုးများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြင့် ဝင်ငွေတိုး အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ဥသ္သဖယားလမ်းနေ ကပ္ပတိန် ဦးမောင်မောင် (HUBLINE Shipping) - ဒေါက်တာခင်စောညို၊ သားမောင်ဝေလင်းအောင်၊ မောင်ရဲကျော်အောင်မိသားစုက ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီး တို့ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

UMFCCI ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန်တို့တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်တို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Rhys Thompson သည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာသုံးလက်တွန်းထွန်စက် ပေးအပ်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် မိုင်းတုံမြို့နယ်၌ ကျင်းပသည့် လယ်ယာသုံးလက်တွန်းထွန်စက် ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး လယ်ယာသုံးလက်တွန်းထွန်စက်များကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ရာ ဒေသခံ တိုင်းရင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မဲကင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပညာသင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်သည်။

ထို့နောက် မိုင်းတုံမြို့၌ ကျင်းပသည့် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ပျိုးပင်များကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်၍ အမှတ်တရ ပျိုးပင်များကို စိုက်ပျိုးပေးကာ ပျိုးပင်များစုပေါင်းစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မိုင်းတုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တာဆန်း-မိုင်းတုံလမ်းအပိုင်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ သံလွင်တံတား (တာဆန်း) ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်းတုံမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မိုင်းတုံမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြား၍ စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးမျက်နှာစာ၊ ရုံးပတ်ဝန်းကျင်နှင့် ဆည်များ၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက သတ်မှတ်နေရာတို့၌ အထိမ်းအမှတ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက်ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ဝန်ထမ်းများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ သရက်၊ ပိန္နဲ၊ ပိတောက်၊ ရေတမာ၊ မဟော်ဂနီ၊ အုန်း အစရှိသည့် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် စားပင်၊ သီးပင်ပေါင်း ၃၁၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများသည် ပိတောက်မြောင်တမံ(၃) အနီး၌ ကျင်းပသော အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပိတောက်မြောင်တမံ(၃)အတွင်းသို့ ငါးမြစ်ချင်း သားပေါက် ၂၀၀၀၀၊ ငါးခုံးမ သားပေါက် ၂၀၀၀၀ နှင့် ငါးကြင်းရွှေဝါ သားပေါက် ၁၆၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၆၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံ့ကော်ပင်စိုက်ပျိုး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၅ ၁၀။ မိုးသောက်ကြယ်
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆း၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၄၉)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၂၂)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

❑ ရှေ့ဖုံးမှ

ထို့နောက် ဝန်ကြီးက မအူပင် (တောင်) ဝန်းကျင် ဒေသအတွင်း တိုင်းတာပြီးစီးသည့် ဆိုက်စမစ် အချက်အလက်များအရ ပေလတ်တွင်းတူးစက်များဖြင့် အိုင်အိုစင်း အလယ်ပိုင်းသက်တမ်းရှိ အိုးဘိုကုန်းနှင့် ကျောက်ကုတ် ကျောက်စဉ်စုအတွင်း စမ်းသပ်တူးဖော်ချက်များအရ သဘာဝဓာတ်ငွေ့များ ခိုအောင်းနေကြောင်း တွေ့ရှိရ၍ ပိုမိုအလားအလာကောင်းသည့် ပေနက်သဲကြောသစ်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ပေနက်တွင်းတူးစက်ကြီးများအသုံးပြုကာ စမ်းသပ်တူးဖော်စေခြင်းဖြစ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ အသစ်တစ်ခု ပေါ်ပေါက်ရန် အလားအလာကောင်းများရှိသဖြင့် သတ်မှတ်ကာလများအတိုင်း တူးဖော်ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ZJ 50D SR1 ပေနက်တွင်းတူးစက်ဖြင့် မအူပင်(တောင်) ပေနက်အစမ်းတွင်း အမှတ်(၁) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ညနေပိုင်းတွင် ညောင်တုန်းမြို့နယ် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေအတွင်းရှိ အသစ်တည်ဆောက်လျက်ရှိသော သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်ရုံတွင် Compressor များ တပ်ဆင်နေသော လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေအတွင်း ထုတ်လုပ်ရေး စုပေါင်းသံကန်တန်း အမှတ်(၁)သို့ရောက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးကာ လေလွင့်မှုနည်းပါးရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအတွင်းရှိ အသစ်တည်ဆောက်လျက်ရှိသော သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်ရုံတွင် Compressor များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

စံ(၅)ရပ်ညီရေး ကျေးရွာစာကြည့်တိုက်များ စစ်ဆေးဆောင်ရွက်

သာစည် ဇူလိုင် ၁၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သာစည်မြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းတင်သည် ဇွန် ၂၃ ရက်က သာစည်မြို့နယ်တွင်းရှိ ညောင်ပင်လှ၊ အုတ်ကုန်း၊ မန်ကျီးရိုး၊ ဇီးတောအိုင်၊ သူကောင်းကုန်း၊ ညောင်ရမ်းဈေးနှင့် ညောင်ရမ်းမြို့မ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းပြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ကျေးရွာ စာကြည့်တိုက် ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီရေး၊ ကျေးရွာတိုင်း သတင်းစာတစ်စောင် မှာယူဖတ်ရှုနိုင်ရေး စည်းရုံးဆောင်ရွက်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း စစ်ကိုင်းတိုင်းအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စစ်ကိုင်းတိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး ဘွဲ့ကြို/ ဘွဲ့လွန်တက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံကာ သင်ယူတတ်မြောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရွှေဘိုဒီဂရီကောလိပ်သို့ သွားရောက်ကာ ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ညနေပိုင်းတွင် အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင် လိုက်ပါလျက် ကန့်ဘလူမြို့ရှိ အမှတ်(၂)နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၏ သိပ္ပံလက်တွေ့ပြုလုပ်လေ့ကျင့်နေမှု၊ မာလ်တီမီဒီယာအသုံးပြု သင်ကြားသင်ယူမှုများနှင့် သင်ယူတတ်မြောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့နယ် အေးသာယာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)သို့ သွားရောက်ကာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံပြီး ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကန့်ဘလူမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(ပညာရေး)

ပေးအပ် ချီးမြှင့်

ဇူလိုင် ၁၇ ရက်က အထက(၃) ကမာရွတ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မဆုရတနာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့ ဆုပေးအပ်ချီးမြှင့်စဉ်။

(ပညာရေး)

မြိတ်မြို့ ကန်ဖျားတောင်ပိုင်း ခယူတောရပ် တိုင်းရင်းဆေးဆရာကြီး ဦးအောင်သိန်းအား အမှူးထား၍ စာရေးဆရာ အယ်ဒီတာ ဒါရိုက်တာ ဇွန်မောင်မောင်-ဇနီး ဒေါ်မြဝင်း၊ (သမီး) မစံပယ်ဖြူကျော်၊ (သား) မောင်သုအောင်ကျော် မိသားစုက ယုဇနဥယျာဉ်မြို့တော် မြန်မာ့ဂန္ဓီ ကျောင်းဝင်းအတွင်း၌ စတုဒိသာ တိုင်းရင်းဆေးဝါးပစ္စည်း လှူဒါန်းစဉ်။

(ခရိုင် ထွေ/အုပ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ပိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင်အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံး အပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

အာဖဂန်အရေးဆိုင်ရာ နိုင်ငံတကာညီလာခံ မစတင်မီ ထောင်ဖောက်မှုနှင့် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွား

ကဘူး ဇူလိုင် ၁၉

နိုင်ငံတကာမှ နိုင်ငံခြားရေးဝန်ကြီး အများအပြားတက်ရောက်ကြမည့် အာဖဂန်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံမစတင်မီ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ ဗုံးခွဲတိုက်ခိုက်မှုများနှင့် တာလီဘန်စစ်သွေးကြွများ၏ထောင်ဖောက်ပြေးမှုများ ဖြစ်ပွားခဲ့ကြောင်း တနင်္ဂနွေနေ့ သတင်းစာများတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန် အနောက်ပိုင်း ဖာရာပြည်နယ် အကျဉ်းထောင်၌ အတွင်းနှင့်အပြင် ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး တာလီဘန်အကျဉ်းသား ၂၀မျှ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ကျင်းပမည့် နိုင်ငံတကာညီလာခံအကြို အကြမ်းဖက်အန္တရာယ် ကာကွယ်ရေးအတွက် စစ်ဆေးမှုများပြုလုပ်နေသော အာဖဂန်ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇူလိုင် ၁၈ ရက် နံနက် ၃ နာရီခန့်၌ တာလီဘန်အုပ်စုတစ်စုကအကျဉ်းထောင်ဂိတ်တံခါးကို ဝင်ရောက်တိုက်ခိုက်ချိန်တွင် အကျဉ်းထောင်အတွင်းမှတာလီဘန်များက ၎င်းတို့ခိုးသွင်းရယူထားသော ဖောက်ခွဲရေးပစ္စည်းများဖြင့် အချုပ်ခန်းတံခါးသော့ခလောက်များကို ဖောက်ခွဲဖျက်ဆီး၍ လွတ်မြောက်ရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပစ်မှတ်ထား

ယင်းနေ့တွင်ပင် ကဘူးမြို့တော်၌ နိုင်ငံခြားတပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အရပ်သားလေးဦး သေဆုံးခဲ့ကြောင်း အာဖဂန်လုံခြုံရေး တပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

အာဖဂန်နှင့်အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုနှုန်း မြင့်တက်

လန်ဒန် ဇူလိုင် ၁၉

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင် တာဝန်ထမ်းဆောင်နေကြသော အမေရိကန်တပ်ဖွဲ့ဝင်များအတွင်း၌ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုနှုန်းမှာ စံချိန်တင်မြင့်တက်လာလျက်ရှိပြီး ဇွန်လအတွင်း၌ ပျမ်းမျှအားဖြင့် တစ်နေ့လျှင် တစ်ဦးနှုန်း သတ်သေခဲ့သည်။

အမေရိကန်ကြည်းတပ်၏ စာရင်းများအရ လွန်ခဲ့သည့်လအတွင်းတွင် ကိုယ့်ကိုယ်ကိုယ်သတ်သေသည့် တပ်ဖွဲ့ဝင် စုစုပေါင်း ၃၂ ဦးရှိခဲ့ရာ အဆိုးရွားဆုံး စံချိန်တင်ခဲ့သည့်လဖြစ်သည်။ ၎င်းတို့အနက် ၂၁ ဦးမှာ တိုက်ခိုက်ရေးတာဝန် ထမ်းဆောင်နေသူများဖြစ်ပြီး ကျန်တပ်ဖွဲ့ဝင်များမှာ အမျိုးသားအစောင့်တပ်ဖွဲ့များနှင့် ကြည်းအရန်တပ်တို့မှ ဖြစ်သည်။

ယင်းကဲ့သို့ အမေရိကန်တပ်ဖွဲ့များအတွင်း ကိုယ့်ကိုယ်ကိုယ်သတ်သေမှုနှုန်း မြင့်လာရသည့် အဓိကအကြောင်းတရားနှစ်ရပ်မှာ အချိန်ကြာမြင့်စွာ လှည့်လည် တာဝန်ထမ်းဆောင်ကြရခြင်းနှင့် အသစ်ထပ်မံတာဝန်ပေးအပ်ခံရခြင်းတို့ကြောင့် ဖြစ်သည်ဟု စိတ်ပညာရှင်တို့က သုံးသပ်ဝေဖန်ခဲ့သည်။

ကိုယ့်ကိုယ်ကိုယ်သတ်သေခဲ့သော တပ်ဖွဲ့ဝင် ၂၄၄ ဦးရှိခဲ့သည့် ၂၀၀၉ခုနှစ်သည် အမေရိကန်ကြည်းတပ်အတွက် အဆိုးရွားဆုံးနှစ်ဖြစ်ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ဟိမဝန္တာတောင်တန်း၏ နေရာတစ်နေရာတည်းကို တစ်ထပ်တည်းရိုက်ကူးထားသည့် ၁၉၂၁ ခုနှစ်မှ ဓာတ်ပုံ(ဝဲ)နှင့် ၂၀၁၀ ခုနှစ်မှ ဓာတ်ပုံ(ယာ)တို့ကို နှိုင်းယှဉ်တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်ပုံများကပြောသော ဟိမဝန္တာဒေသ၏ အမှန်တရား နှစ်ပေါင်း ၈၉ နှစ်အတွင်း ရေခဲပြင်များ အကြီးအကျယ်ဆုံးရှုံးခဲ့ရ

နယူးယောက် ဇူလိုင် ၁၉

ဟိမဝန္တာတောင်စဉ်တန်းရှိ ဧဝရက်တောင်ထိပ်ကို တက်ရောက်ခဲ့သော တောင်တက်သမားနှစ်ဦး မှတ်တမ်းတင်ရိုက်ကူးခဲ့သည့် ဓာတ်ပုံများကို နှိုင်းယှဉ်လေ့လာခဲ့ရာတွင် ဟိမဝန္တာရေခဲပြင်များ ဆုံးရှုံးမှုသည် အလွန်ကြီးမားကြောင်း တွေ့ရှိခဲ့ရသည်။

တောင်တက်သမားနှစ်ဦး ရိုက်ကူးခဲ့သော ဓာတ်ပုံများသည် အချိန်ကာလအားဖြင့် မတူညီသော်လည်း ဟိမဝန္တာတောင်တန်း၏ တစ်နေရာတည်းကိုပင် တစ်ထပ်တည်းကျအောင် ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်သည်။

ဓာတ်ပုံတစ်ပုံမှာ ၁၉၂၁ ခုနှစ်က ဗြိတိသျှတောင်တက်သမားတစ်ဦး ရိုက်ကူးခဲ့သော ဓာတ်ပုံဖြစ်ပြီး နောက်တစ်ပုံမှာ ၂၀၁၀ ခုနှစ်တွင် ရိုက်ကူးခဲ့သော ဓာတ်ပုံဖြစ်သည်။ ဓာတ်ပုံများကို နှိုင်းယှဉ်ကြည့်ပါက ၈၉ နှစ်တာ ကာလအတွင်း ဟိမဝန္တာတောင်တန်း၏ ရေခဲပြင်များ ကွယ်ပျောက်မှုနှုန်းသည် ကြောက်ခမန်းလိလိကြီးမားကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

ဟိမဝန္တာရေခဲပြင်များမှ အရည်ပျော်ကျလာသော ရေများသည် ဂင်္ဂါ၊ ဗြဟ္မပုတ္တရ၊ သံလွင်၊ ဧရာဝတီ၊ မဲခေါင်၊ ယန်စီ၊ မြစ်ဝါမြစ်များနှင့် ယင်းမြစ်ဝှမ်းဒေသများ၌ နေထိုင်ကြသော ပြည်သူသန်းရာပေါင်းများစွာတို့အတွက် အဓိကရေအရင်းအမြစ်ဖြစ်သည်။

အကယ်၍ ဟိမဝန္တာရေခဲပြင်များ အရည်ပျော်နှုန်းသည် လက်ရှိအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက ယခုရာစုလယ်၌ ဟိမဝန္တာဒေသရေခဲပြင် အတော်များများပျောက်ကွယ်သွားဖွယ်ရာရှိကြောင်း ပညာရှင်များက သုံးသပ်သည်။

အင်တာနက်။

အီရတ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား လူ ၄၈ ဦးသေဆုံး၍ ၄၀ ကျော် ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၁၉

အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှု နှစ်ရပ်ကြောင့် အနည်းဆုံး လူ ၄၈ ဦး သေဆုံးခဲ့ရသည်။ အသေခံဗုံးခွဲသမားများသည် အီရတ်အစိုးရကကျောထောက်နောက်ခံပြုသည့် အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေး ဆွန်နီလက်နက်ကိုင်များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပထမဆုံး တိုက်ခိုက်မှုသည် တနင်္ဂနွေနေ့ နံနက်ပိုင်း၌ဖြစ်ပွားခဲ့ပြီး စစ်ဆေးရေးဂိတ်တစ်ခုတွင် လစာထုတ်ယူရန် တန်းစီစောင့်ဆိုင်းနေသော ဆွန်နီအုပ်စုဝင် ၄၅ဦးအနည်းဆုံးသေဆုံးခဲ့ရပြီး ၄၀ကျော် ဒဏ်ရာရရှိခဲ့သည်။

ဒုတိယတိုက်ခိုက်မှုမှာ အန်ဘာပြည်နယ်တွင် ဖြစ်ပွားခဲ့ပြီး စစ်သွေးကြွဟုယူဆရသူတစ်ဦးက ဆွန်နီပြည်သူ့စစ်အဖွဲ့ဌာနချုပ်တစ်ခုကို လက်နက်ငယ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့သည်။ ဆွန်နီလက်နက်ကိုင်များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော စစ်သွေးကြွက အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ဆွန်နီအုပ်စုဝင်သုံးဦး သေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆွန်နီလက်နက်ကိုင်အုပ်စုဝင်များသည် အီရတ် အယ်လ်ခိုင်ဒါများကို ချေမှုန်းရာတွင် အစိုးရတပ်ဖွဲ့များနှင့်အတူ လက်တွဲပါဝင်ခဲ့သူများဖြစ်သည်။

အင်တာနက်။

အလာစကာပြည်နယ် ကမ်းရိုးတန်း၌ အင်အားပြင်းငလျင်လှုပ်

ဆန်ဖရန်စစ္စကို ဇူလိုင် ၁၉

အမေရိကန်နိုင်ငံ အလာစကာပြည်နယ် ကမ်းရိုးတန်းကမ်းလွန်တွင် ဇူလိုင် ၁၇ ရက် ညပိုင်းက အင်အားရစ်ချ်တာစကေး ၆ဒသမ ၇အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိတိုင်းတာရေးဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အဆိုပါငလျင်သည် ဒေသစံတော်ချိန် ည ၉နာရီ ၅၆မိနစ်က အလာစကာပြည်နယ် နီကိုးလ်စကီးဒေသ အနောက်ဘက် ၄၅ကီလိုမီတာအကွာ၌ ဗဟိုပြုပြီး အလူရှန်းကျွန်းစုဒေသ မြေအောက် ၃၅ကီလိုမီတာအနက်၌ လှုပ်သွားသည်ဟုဆိုသည်။

ကာလီဖိုးနီးယား၊ အော်ရီဂွန်၊ ဝါရှင်တန်၊ ဗြိတိသျှကိုလံဘီယာနှင့် အလာစကာ ကမ်းရိုးတန်းများ တစ်လျှောက်တွင် ဆူနာမီအန္တရာယ်ဖြစ်ပေါ်မှုမရှိနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းရိုးတန်းနှင့် အလာစကာ ဆူနာမီသတိပေးစခန်းက သတင်းထုတ်ပြန်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားထောက်လှမ်းရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကို ပိုမိုတိုးမြှင့်ပေးမည့် ဥပဒေမူကြမ်း ရုရှားပါလီမန် အထက်လွှတ်တော်အတည်ပြု

မော်စကို ဇူလိုင် ၁၉

ရုရှားပါလီမန်အထက်လွှတ်တော်သည် ရုရှားနိုင်ငံ၏ အဓိကလုံခြုံရေးအဖွဲ့အစည်းတစ်ခုကို လုပ်ပိုင်ခွင့်အာဏာ တိုးမြှင့်ပေးအပ်မည့် ဥပဒေမူကြမ်းတစ်ရပ်ကို တနင်္လာနေ့က သဘောတူအတည်ပြုခဲ့ရာ ယခင် ဆိုဗီယက်ပြည်ထောင်စု ကေဂျီဘီထောက်လှမ်းရေးအဖွဲ့၏လမ်းစဉ်ကို ပြန်လည်လက်ခံကျင့်သုံးနိုင်ဖွယ်ရှိသည့် လုပ်ရပ်ဖြစ်ကြောင်း အကဲခတ်သမားများက ပြောကြားသည်။

ယင်း ဥပဒေမူကြမ်းအရ ရုရှားပြည်ထောင်စုလုံခြုံရေးအဖွဲ့သည် ရုရှားနိုင်ငံ၏ လုံခြုံရေးကိုထိပါးရန် ပြင်ဆင်နေသူဟု ယူဆရသူများကို ကြိုတင်သတိပေးမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ရုရှားပြည်ထောင်စုလုံခြုံရေးအဖွဲ့သည် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက် ကေဂျီဘီထောက်လှမ်းရေးအဖွဲ့၏ အရိုက်အရာကို ဆက်ခံခဲ့သော ထောက်လှမ်းရေးအဖွဲ့ဖြစ်သည်။

ရုရှားပြည်ထောင်စု လုံခြုံရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကို တိုးမြှင့်ပေးမည့် ဥပဒေမူကြမ်းကိုရုရှားပါလီမန်အထက်လွှတ်တော်က ၁၂၁မဲ-တစ်မဲဖြင့်သဘောတူညီခဲ့သည်။ ယင်းဥပဒေမူကြမ်းကို ရုရှားသမ္မတ မက်ဗီဒက်ဗ်က အတည်ပြုလက်မှတ်ထိုးပြီးပါက တရားဝင်ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ပြီဖြစ်သည်။ ***အင်တာနက်။***

ကွန်ဆန်တိုင်ဖွန်းမုန်တိုင်း၏ အရှိန်ကြောင့် ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုင်ဖုန်ဆိပ်ကမ်းမြို့ ကမ်းခြေကို ရိုက်ခတ်နေသော လှိုင်းလုံးများကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။

(ယင်းမုန်တိုင်းကြောင့် ဗီယက်နမ်တွင် လူ ၁၇ ဦး ပျောက်ဆုံးဆဲ ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယအရှေ့ပိုင်း၌ ရထားမတော်တဆမှုဖြစ် ၆၁ ဦး သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရ

နယူးဒေလီ ဇူလိုင် ၁၉

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂေါလ်ပြည်နယ်တွင် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက အမြန်ရထား နှစ်စင်းပြင်းထန်စွာတိုက်မိရာ ၆၁ ဦးသေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကိုလ်ကတ္တားမြို့သို့ ဦးတည်မောင်းနှင်လာသော ဥတ္တာဘန်ဂါအမြန်ရထားသည် လမ်းကြောင်းအချက်ပြမှုကို ကျော်လွန်ပြီး ကိုလ်ကတ္တားမြို့မှ ကီလိုမီတာ ၂၀၀ ခန့်အကွာရှိ ဗာဘဟမ်ခရိုင် ဆိုင်သီယာဘူတာ၌ရပ်ထားသော ဘာဂေါမူရာ-ရန်ချီဗာနန်ချောလ်အမြန်ရထား၏နောက်ပိုင်းကို အရှိန်ဖြင့်ဝင်ဆောင့်မိခြင်း ဖြစ်သည်။

ရထားနှစ်စင်းစလုံးသည်လမ်းကြောင်းတစ်ခုတည်းမှ မောင်းနှင်ခဲ့ခြင်းကြောင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ ယင်းအဖြစ်အပျက်သည် ရထားထိန်းချုပ်ရေးစနစ်သို့မဟုတ် ဘူတာတာဝန်ရှိသူများ၏ မှားယွင်းမှုတစ်ခုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်ပြောကြားကြသည်။

သေဆုံးသူအများစုသည် စျေးအချိုဆုံးသော လက်မှတ်များဖြင့် စီးနင်းနိုင်သည့် နောက်ဆုံးရထားတွဲ၌ လိုက်ပါလာသူများဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းကဲ့သို့ ရထားတွဲအမျိုးအစားများကို အိန္ဒိယနိုင်ငံသား ဝင်ငွေနည်း အလုပ်သမားများက အမြဲတမ်း စုပြုံစီးလေ့ရှိကြသည်။

အဆိုပါ ရထားမတော်တဆမှုသည် အနောက်ဘင်္ဂေါလ်ပြည်နယ်၌ နှစ်လအတွင်း ဒုတိယအကြိမ်မြောက် ဖြစ်ပွားခဲ့သော မတော်တဆမှုဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် ဇူလိုင် ၁၅ ရက်တွင် တောင်သာမြို့နယ် တံတားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည် ပက်ဖျန်းကာ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ် ဆောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် မလှိုင်မြို့နယ် မြို့ရေပေးဝေရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ ရေခပ်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လယ်ကြီးကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေသို့ရောက်ရှိ၍ စပါးများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးသိန်းအောင် နေပြည်တော်ခရိုင်အတွင်း သစ်ဆိပ်၊ သစ်စက်နှင့် သစ်တောစိုက်ခင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ ပျဉ်းမနား(တောင်) သစ်ထုတ်လုပ်ရေးဒေသ ပလွေးနယ် အောင်ချမ်းသာသစ်ဆိပ်သို့ ရောက်ရှိလာရာ သစ်ထုတ်ရေးဒေသ လက်ထောက်အထွေထွေမန်နေဂျာက သစ်လုံးများ ရောက်ရှိနေမှု၊ လာမည့်သစ်ထုတ်ရေးရာသီတွင် သစ်ထုတ်ရန် စီစဉ်ထားရှိမှု၊ သစ်ထုတ်ရေးလမ်းကြောင်းများ ဖောက်လုပ်မည့် လမ်းကြောင်းလျာထားချက်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး သစ်ဆိပ်၌ သစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ပျဉ်းမနားရှိ အမှတ်(၂၁)သစ်စက်(ကျွဲရှင်း)သို့ ရောက်ရှိ၍ သစ်စက်ရှင်းလင်းဆောင်၌ စက်ရုံမှူး၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကြီးဝိုင်းရှိ ၂၀၀၈ ခုနှစ် သီးခြားကျွန်းစိုက်ခင်း ၇၀၅ ဧကသို့ ရောက်ရှိ၍ စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်လယ်ဝေးမြို့နယ် ပလွေးကြီးဝိုင်းရှိ ၂၀၁၀ ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်းဧက ၆၀၀ သို့ ရောက်ရှိ၍ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော် ပျဉ်းမနားရှိ ပျဉ်းမနား(တောင်) သစ်ထုတ်လုပ်ရေးဒေသ ပလွေးနယ် အောင်ချမ်းသာသစ်ဆိပ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၂၀-၇-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (မောရသုတ်+ဝဋ္ဋသုတ်) ဓမ္မပူဇာတေး
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ပြောပါရစေရှင် (ငွေစောင့်နတ်)
- ၈း၄၀ တေးပဒေသာ
- ၁၀း၀၀ မွေးနေ့လက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ဝက်သားအင်ဥ၊ သရက်ချဉ်သုပ်နဲ့ ဒန့်သလွန်ရွက်ဟင်းခါး)
- ၁၀း၅၅ တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၂၅ Talk on line (ဂျင်းနီ)
- ၁၁း၅၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် Current Song တေးပဒေသာ
- ၁၂း၄၀ ပြိုးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ ပညာရေးအစီအစဉ် (သတ္တမတန်း၊ အထွေထွေသိပ္ပံ) တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ သောတရှင်လိုရာတေး
- ၅း၀၀ မေတို့တွက်တာ အလှကမ္ဘာ (အသက် ၅၀ကျော်အမျိုးသမီးများအတွက် အသားအရေ ထိန်းသိမ်းနည်း)
- ၅း၁၀ တေးပဒေသာ
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၀ ညနေခင်းတေးပဒေသာ
- ၅း၄၅ ထူးဆန်းထွေလာဤမြေကမ္ဘာ အမှတ်စဉ်(၄၉)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ ညနေခင်းတေးပဒေသာ
- ၆း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
  - ၁။ မှတ်သားထားသောစကားများနှင့် မှတ်မိနေသောရယ်စရာ တွေးစရာများ(ဝင်းချစ်)
  - ၂။ ခွင့်လွှတ်ပါအချစ်ရယ် (ကောင်းသန့်)
- ၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၁၀ ဇာတ်လမ်းပမာနားဆင်စရာ (အထုံးပြေတဲ့နေ့)
- ၉း၃၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၂၀ တေးစီးရီး (City FM နှစ်ပတ်လည်-အဖွဲ့) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၉း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၁၀း၀၀ အစီအစဉ်ပြီး၏။

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် သီရိမင်္ဂလာတံတားကြံခိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာတံတား တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လောဓမ္မရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် လောပိတတံတား ပြုပြင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရင်ပြည်နယ် ကမမောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုအား ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျာဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးကျော်ကျော်လတ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း (၁၃)ကြိမ်မြောက် ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ (၁၃) ကြိမ်မြောက် ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအား ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမတွင် ဘာသာရပ်ဆိုင်ရာ စာတမ်းခြောက်စောင်အား ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်များရှိ ဘူမိဗေဒဌာနများမှ ဆရာ၊ ဆရာမများ ဖတ်ကြားကြမည်ဖြစ်၍ ဘူမိဗေဒပညာရှင်များနှင့် အသင်းဝင်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဒေါပုံမြို့နယ်အတွင်း မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများ ထိုးဖောက်ဝင်ရောက်မှုမရှိစေရေး အသိပညာပေး ဟောပြောပွဲကို ဒေါပုံမြို့နယ် အလက(၁) ကျောင်းခန်းမ၌ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပရာ ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ထွန်းလင်း၊ ရန်ကုန်အရှေ့ မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ကြူကြူအေးနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးအေးမောင်တို့က အသီးသီးပညာပေးဟောပြောကြသည်။

အခမ်းအနားသို့ ဖိတ်ကြားထားသူများနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂၀ တက်ရောက်ကြသည်။ (မြို့နယ်ရဲတပ်ဖွဲ့)

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၉

အချွန်တံဆိပ်ကပ်နှိပ်ရောင်းချခြင်း မရှိသည့် ပြည်တွင်းပြည်ပမှ အရက်နှင့် စီးကရက်များ သက်ဆိုင်ရာက ဖမ်းဆီးသတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၃၇)ကို ယနေ့ဖြန့်ချိလိုက်သည်။

ပြည်သူ့ရှေ့မှာ မားမားမတ်မတ်ရပ်ပြီးတော့ ကောင်းကျိုးတွေကိုဖော်ဆောင်မယ့် နိုင်ငံရေးသမားတွေကို ပြည်သူတွေ မျှော်လင့်နေတယ်ဆိုတဲ့ အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ချုပ်ဒုဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်း၊ အကြွေးစနစ်ဖြင့် ရောင်းချတဲ့ စက်မှုဇုန်ကားများကို သတိထား၊ နှစ်ကျပ်တိုးဆိုပေမယ့် သေချာတွက်ကြည့်၍ နောက်ဆုံးအရစ် သုံးကြိမ်လေးကြိမ်တွင် တစ်လ ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်းတိုးထိ တွက်ယူထားကြောင်း သိရှိရ၊ ပုစဉ်းခေါင်းလိုင်စင်မဲ့ကားအစီး ၉၀ နှင့် ပတ်သက်၍ ဓမ္မစေတီမင်းခေါင်းလောင်းတော်ကြီး၏ တည်နေရာနှင့် ပုံရိပ်ကို ဖမ်းယူနိုင်ပြီ၊ ခန့်မှန်းကားတန်ဖိုးစာရင်းများသည် မှန်ကန်မှုမရှိ ကားဈေးကွက်ကို ပြောင်းလဲစေရန် လီဆယ်လုပ်ကြံဖြန့်ဝေခြင်းသာဖြစ်၊ ပိုင်ရှင်ရှိသော ပန်းတစ်ပွင့်နှင့် အနေနီးခဲ့လို့၊ ထူးခြားဆန်းပြားမယ့် ဩဂုတ်လ ၂၇ ရက်နေ့၊ ကြွက်မှကူးစက်တတ်သည့် အသားဝါရောဂါ၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့က ပစ္စည်းမဲ့ဈေး၊ ကုန်ထုတ်ညွှန်ကြားလွှာ DO ကို လက်ပြောင်းလက်လွှဲ ရောင်းချခွင့်မရှိ၊ ကွမ်းယာဆိုင်ခုံအောက်တွင် လသားအရွယ် ကလေးငယ်စွန့်ပစ်ထားသူကို သက်ဆိုင်ရာက စုံစမ်း၊ ဒေါက်တာအောင်ခင်ဆင့်ရဲ့ ရောဂါစုံထောက်ကြီးနှင့် နမိုးနီးယားပလိပ်၊ ကျောက်မျက်ဈေးကွက်ကို ပိုမိုကျယ်ပြန့်စေရန် ကျောက်မျက်လုပ်ငန်းရှင်များ ဩဂုတ်လတွင် ဆွေးနွေးမည်၊ နယ်မြေကျူးကျော်ဝင်ရောက်စီးနင်း၍ သိမ်းဆည်းထားသော ဆိုင်ကယ်များအား သက်ဆိုင်ရာမှ ပြန်လည်ရွေးချယ်ခွင့်ပြု၊ ကိုးမိုင် မစိုးရိမ်ကျောင်းတိုက်သို့ သာသနာပြုစပါးကြီးမြွေများရောက်၊ အီရန်နျူကလီးယားသိပ္ပံပညာရှင်အား စီအိုင်အေကို အကူအညီပေးရန်အတွက် အမေရိကန် ဒေါ်လာ ၅ သန်းပေးအပ်၊ အမေရိကန်သည် အီရန်၊ မြောက်ကိုရီးယားတို့နှင့် ပဋိပက္ခဖြစ်နေခြင်းသည် နျူကလီးယားစစ်ပွဲ ဖြစ်နိုင်ကြောင်း ဖီဒယ်လ်ကက်စရို ပြောကြား၊ အီရန်နျူကလီးယားသိပ္ပံပညာရှင်သည် တီဟီရန်မှ စီအိုင်အေသတင်းပေးဖြစ်ကြောင်း အမေရိကန်ပြောကြား၊ တောင်ကိုရီးယားက မြောက်ကိုရီးယားပစ်မှတ်များကို ထိမှန်နိုင်မည့် တာဝေးပစ် ခရုဇ်ဒုံးပျံများ ထုတ်လုပ်စသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့် အတူ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏ သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်း ပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေးအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ခန်းမအတွင်း၌ ပြသထားသည့် ပိုးမွှားများ ရှင်သန်လှုပ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တိုင်းမှူးသည် ဇူလိုင် ၁၅ ရက်တွင် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ရာတာဝန်ရှိသူများကကျောင်း ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** တိုင်းမှူးက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ထို့နောက် ကျောင်းဆောင်သစ် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၇-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၀ ၈။ "လူကူးမျဉ်းကျားမှကူးမယ်"
၈း၂၅ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Local Talent
၈း၅၅ ၁၂။ အတီးပြိုင်ပွဲ
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အကပြိုင်ပွဲ
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ စီးပွားရေးပညာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြုများ) (သင်္ချာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၃၀ ၈။ "အေးမြသော လေညင်းလေးများ"
၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ---ကိုယ့်ချစ်သူ" (အပိုင်း-၁)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ စည်းလုံးခြင်းရဲ့ရလဒ်တွေ (နန္ဒဇော၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၁၉။ "ရယ်စရာဟာသများ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ)(အပိုင်း-၁၁)**
၂၁။ **"ရုပ်ရှင်ပဟေဠိ"**
၂၂။ အစီအစဉ်ပြီး၏။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ တစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသစ်ပင်စိုက်

တောင်ငူ ဇူလိုင် ၁၉

တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်သစ်တောဦးစီးဌာနက မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်အောင်၊ မြို့နယ် သစ်တောဦးစီးမှူး ဦးသန်းဆင့်တို့ ဦးစီး၍ ကျွန်းပင် ၆၀၀ ကို ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး ဝဲ၊ ယာ၌ ပြည်သူ ၆၀၀ တို့က စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ကြေးမုံ)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၉

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၂၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ နိုင်ငံရေးပါတီများ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြ၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ပထမဆုံးအကြိမ် တိုက်ရိုက်ပျံသန်းမည်၊ ကျပ်ငါးသိန်းတန် CDMA-800 MHz ဖုန်းကို နေရာအနှံ့သယ်ယူဆက်သွယ်နိုင်ပြီ၊ လေဆင်နှာမောင်းကြောင့် တဲအိမ်နှင့်အတူ လူလွင့်ပါသွားသော်လည်း အသက်မသေ၊ သီရိမင်္ဂလာဈေးသစ် ဩဂုတ်လတွင် တည်ဆောက်ပြီးစီးမည်၊ ရန်ကုန်မြို့ စက်မှုဇုန်များတွင် ရွှေပြည်သာစက်မှုဇုန်မြေကွက်များ ဈေးအမြင့်ဆုံးဖြစ်လာ၊ အင်တာနက်ပေါ်တွင် လုပ်ငန်းများတည်ထောင်ရန် နေရာအခမဲ့ပေးမည်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ၄၅၈ မှတ်နှင့်အထက်ရရှိသူများ စင်ကာပူတွင် သုံးနှစ်ပညာသင်ဆု လျှောက်ထားနိုင်၊ သိမ်းဆည်းထားသော ဆိုင်ကယ်များ လိုင်စင်အထောက်အထားဖြင့် ပြန်လည်ထုတ်ပေးလျက်ရှိ၊ စက်သုံးဆီဆိုင်များ ပုဂ္ဂလိကပိုင် ပြုပြီးနောက် ပထမဆုံးအကြိမ် Octane ဓာတ်ဆီဈေးနှုန်းကျဆင်း၊ ဘာရိန်းနှင့် UAE နိုင်ငံတို့က မြန်မာဟိုတယ်ဝန်ထမ်း ၂၇၀ ခေါ်မည်၊ သိုးမှ မြွေပွေးအဆိပ်ဖြေဆေး ထုတ်လုပ်နိုင်ပြီ၊ ချစ်ခြင်းမေတ္တာသင်္ကေတ တပ်ဂျ်မဟာအလှ ထာဝရ၊ မြန်မာ ၂၂ ဦးပါဝင်သည့် ဓာတုဗေဒသင်္ဘောတစ်စင်း မလေးရှား ရေပိုင်နက်အတွင်း မီးလောင်ကာ သင်္ဘောသားတစ်ဦးပျောက်ဆုံး၊ မြောက်ကိုရီးယား ရုပ်ရှင်ပွဲတော်တွင် မြန်မာမှ အတိတ်၏အရိပ်ဇာတ်ကားတစ်ကားသာ ပြသခွင့်ရ၊ လိုင်းကားပေါ်တွင် ခါးပိုက်နှိုက်၍ လူသတ်သွားသည့် တရားခံသုံးဦးကို ဖမ်းဆီးရမိ၊ သုံးဆယ်မြို့မှ ဆရာတော်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူများပြားနေ၊ အိုစမာဘင်လာဒင် သက်ရှိထင်ရှားရှိနေဆဲဖြစ်ကြောင်း သားဖြစ်သူ ပြောကြား၊ သစ်ပင်များ၌ မှတ်ဉာဏ်ရှိကြောင်း ဖော်ထုတ်တွေ့ရှိ၊ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံနေရာ၌ ၁၈ ရာစုသင်္ဘောတစ်စင်းမြုပ်နေသည်ကို တွေ့ရှိ၊ ကမ္ဘာ့ဖလားဘောလုံးပွဲ၏ စူပါစတား ရေဘဝဲပေါလ်ကို ဝယ်ယူလိုသူများပြားနေ၊ စွန့်ပစ်ပလတ်စတစ်ပုလင်းများဖြင့် ပြုလုပ်ထားသော သင်္ဘောနှင့် သမုဒ္ဒရာကို ဖြတ်ကူး၊ အမျိုးသမီးများသည် အသက် ၃၁ နှစ်အရွယ်တွင် အလှဆုံးဖြစ်ဟုဆို၊ ရှောင်လင်သိုင်းပညာနှင့် ဘောလုံးအားကစားပေါင်းစပ်၊ ကမ္ဘာ့ဈေးအကြီးဆုံး မြို့ကြီး ၁၀ မြို့၊ အမေရိကန်က ပြန်ပေးဆွဲခဲ့သည့် အီရန်နျူကလီးယားပညာရှင် ပါကစ္စတန်သံရုံးသို့ ရောက်လာ၊ ဇင်ဘာဘွေသမ္မတက ကမ္ဘာ့စိန်ဈေးကွက်ကို မှောက်လှန်ပစ်မည်ဟုခြိမ်းခြောက်၊ စတီဖင်ဟော့ကင်းက ဂြိုဟ်သားများ၏ ပုံသဏ္ဍာန်များကို ဖော်ထုတ်ပြသ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်အသင်း(ရန်ကုန်) ချီးကျူးဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ပုသိမ်အသင်း(ရန်ကုန်)၏ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုပွဲကို ဩဂုတ် ၁၅ ရက်တွင် ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၆၀၀၁၂၃၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဘအေး ဖုန်း-၀၉-၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀၀၃၇၀၉ နှင့် ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁၅၀၁၀၀၊ အသင်းတိုက် ဖုန်း- ၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (ကြေးမုံ)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးထွန်းဝေ ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝါးခုတ်ချောင်း-စံညွှင်းဝေ - တောင်ဘဇာလမ်းပေါ်ရှိ ကျေးလက်တံတား အမှတ်(၂၃)အား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကဝမြို့ အမှတ်(၃)ရပ်ကွက် ကျောင်းကြီးလမ်းတွင် ဇူလိုင် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိသားစုအလိုက် အလည်အပတ်နှင့် လေ့လာရေး ဩစတြေးလျ ခရီးစဉ်

ရန်ကုန် ဇူလိုင် ၁၉

မိသားစုအလိုက် အလည်အပတ်နှင့် လေ့လာရေးခရီးစဉ်အဖြစ် STI ပညာရေးနှင့် Western Australia အစိုးရ ပညာရေးနှင့် သင်တန်းရေးရာဌာနတို့ ပူးပေါင်း၍ အောက်တိုဘာလတွင် ဩစတြေးလျနိုင်ငံ Perth မြို့သို့ ၁၀ ရက် ခရီးစဉ် အစီအစဉ်ရှိကြောင်း သိရှိရသည်။

၁၀ ရက်ခရီးစဉ်တွင် ဩစတြေးလျ အစိုးရကျောင်းများမှ အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အချင်းချင်း မိတ်ဆက်ခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်း၊ ခရီးစဉ်အတွင်း အစိုးရကျောင်းများ၌ ပညာသင်ကြားခြင်း၊ ကျောင်းများ လေ့လာခြင်း၊ ရင်းရင်းနှီးနှီးအတူတကွ စားသောက်ခြင်း၊ ဩစတြေးလျ မိသားစုဝင်များနှင့် အတူနေထိုင်ခြင်း (home-stay) တို့ ပါဝင်မည်ဖြစ်သည်။

လေ့လာရေး ကာလတစ်လျှောက် လေယာဉ်စရိတ်(အသွားအပြန်)၊လေယာဉ်ကွင်းအကြိုအပို့၊ သင်တန်းကြေး၊ ကြိုဆိုနှုတ်ခွန်းဆက်ပွဲ၊ ကျောင်းဆင်းပွဲ၊ ကျောင်းလေ့လာရေးခရီးစဉ်များ၊ အခြားလေယာဉ်ခရီးစဉ်များစရိတ်၊ ကျန်းမာရေးအာမခံ၊ Visaletter, homestay (စားသောက်စရိတ်များအပါအဝင်)များအားလုံး အကျုံးဝင်သည်။ကျောင်းဆင်းပွဲနေ့တွင် သင်တန်းဆင်းလက်မှတ် ချီးမြှင့်မည်ဖြစ်ပြီး ကျောင်းမှ သင်ကြားရေးဝန်ထမ်းများက ကျောင်းသားတစ်ဦးချင်း၏ စွမ်းဆောင်မှုများကို ပြန်လည်သုံးသပ်ပြမည်ဖြစ်သည်။

၁၀ ရက်တာကာလတွင် နေ့စဉ် သင်ကြားရေးနှင့် လေ့လာရေးအချိန်ဇယားနှင့် ကျန်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း၊ အဆောင်(၄) အခန်း(၇) Myanmar Info- Tech လှိုင်မြို့နယ်သို့ လည်းကောင်း၊ ဖုန်း-၅၀၇၀၄၈၊ ၂၅၀၀၅၆၊ ၅၀၇၁၅၁၊ ၇၀၀၂၇၃ နှင့် ၅၀၇၁၅၂ တို့သို့ လူကိုယ်တိုင် (သို့မဟုတ်) ဖုန်းဖြင့် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပရာ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးအောင်သိန်းလင်း တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် မေတ္တာပို့အမျှပေးဝေခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားသို့ ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကျင်းပရေးလုပ်ငန်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် နံနက် ၈ နာရီတွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး အာဇာနည်ဗိမာန် ရင်ပြင်၌ နေရာယူသည်။

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။
(သတင်းစဉ်)

လွမ်းသူ့ပန်းခွေချ

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ယင်းအချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့လျှော့ချ လွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာ မှုတ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့အမျှဝေပြီး နှစ်မိနစ်ငြိမ်သက်စွာနေခြင်းတို့ကို ဆောင်ရွက်ကြပြီး ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားသည်။

မေတ္တာပို့အမျှဝေ

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်လဲ့လဲ့နွယ်သိန်းတို့က လွမ်းသူ့ပန်းခွေချ၍ အလေးပြုပြီး ကန်တော့ကာ မေတ္တာပို့အမျှပေးဝေကြသည်။

ဆက်လက်၍အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန် အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကန်တော့ကြပြီး မေတ္တာပို့အမျှပေးဝေကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန် အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် သဘင်သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရှေးဦးစွာ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးစိန်မာဒင်က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာချစ်ဦးညိုက မုဒိတာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက သက်ကြီးပူဇော်ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးစိန်မာဒင်၊ ဒုတိယဥက္ကဋ္ဌ ဦးရဲခွေးနှင့် အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဩဝါဒစကားပြောကြား

ယင်းနောက် ကန်တော့ခံ သဘင်သက်ကြီးပညာရှင်များအား မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဝင်များက စုပေါင်းကန်တော့ကြပြီး ကန်တော့ခံ သဘင်သက်ကြီးပညာရှင်များကိုယ်စား ရာမဦးအုန်းမောင်က ဩဝါဒစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းအနားတွင် ကန်တော့ခံ သဘင်သက်ကြီးပညာရှင် ၁၂၂ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ လှူဒါန်းကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) စတုတ္ထအကြိမ် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပစဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ "ပဋ္ဌာန်းဒေသနာတော်(သို့) ဘဝ၏စွမ်းရည်သတ္တိ" တရားတော် (ဆရာတော် အရှင်ဇောတိက)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၂)**
- ၈:၃၀ Sports World
- ၈:၅၅ Activities In The City (HEALTH CARE GROUP ၏ ဒုတိယအကြိမ် နှစ်ပတ်လည် အခမ်းအနား)
- ၉:၀၅ ကုသိုလ်ရနံ့တို့သင်းပျံ့လှိုင်---- Golden Lamps အမွေးတိုင်
- ၉:၂၀ စိန်ပွင့်လေးများနှင့်ထပ်တူ
- ၉:၄၀ Cartoon Show Time (Drangon Huriters)
- ၁၀:၁၅ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့(အပိုင်း-၂)
- ၁၀:၄၀ သင်ကြားရေးလမ်းညွှန် (Canon Club ဓာတ်ပုံသင်တန်း)
- ၁၁:၀၅ မြတ်သောအလှူကုသိုလ်ယူ
- ၁၁:၂၅ Sports Diary
- ၁၁:၅၅ ရန်ကုန်မြင်ကွင်းကျယ် Myanmar Indobest Company Limited ရဲ့ Anurial General Metting & Staff Rany
- ၁၂:၀၅ သောတ္တိသေနသမ္မုလ ဇာတ်တော်ကြီး (ရန်ကုန်ပန်တျာကျောင်း)
- ၁:၀၀ "ပဋ္ဌာန်းဒေသနာတော်(သို့) ဘဝ၏စွမ်းရည်သတ္တိ" တရားတော် (ဆရာတော် အရှင်ဇောတိက)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
- ၃:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၂)**
- ၄:၃၅ စိန်ပွင့်လေးများနှင့်ထပ်တူ
- ၄:၄၅ Activities In The City (HEALTH CARE GROUP ၏ ဒုတိယအကြိမ် နှစ်ပတ်လည် အခမ်းအနား)
- ၅:၀၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၅:၁၅ ကုသိုလ်ရနံ့တို့သင်းပျံ့လှိုင်---- Golden Lamps အမွှေးတိုင်
- ၅:၃၅ အနာဂတ်ရဲ့အလင်းရောင်
- ၅:၄၅ ရန်ကုန်မြင်ကွင်းကျယ် Myanmar Indobest Company Limited ရဲ့ Anurial General Metting & Staff Rany
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Celebrity Style (Dorme)
- ၆:၄၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-3)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World Of Knowledge (Fight of the Elephant)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၅၂)**
- ၁၀:၀၀ Sunday Talk
- ၁၁:၀၅ Cartoon Show Time (Drangon Huriters)
- ၁၁:၄၅ Celebrity Style (Dorme)
- ၁၂:၀၀ ဆေးသုတေသန (အောက်မြန်မာပြည်)၏ အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး)
- ၁၂:၂၅ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့(အပိုင်း-၂)
- ၁၂:၄၅ ရွှေတောင်မြို့မှ စည်းလုံးချည်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အသိပညာပေးဟောပြော

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းချိုက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ခံ (ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေး အသိပညာပေးဟောပြောစဉ်။
(၃၀၇)

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်နံနက် ၈နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းကာလအတွင်း ထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူများ ကိုယ်စား သင်တန်းသူ ကိုယ်စားလှယ် တစ်ဦးအား ပေးအပ်ပြီး သင်တန်းသူ စံပြဆု၊ သင်တန်းသူ ပထမဆုနှင့် ဒုတိယ ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန အသီးသီးမှ သင်တန်းသူ ၆၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပေါင်းတလည်ဘုရားလမ်း ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်နေမှုကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်တို့ ဇွန် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြတ်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

◆ **ရှေ့ဖုံးမှ**

ဒီလို သဘောပေါက်ရင် လျှပ်စစ်ဓာတ်အားကို ချွေတာရကောင်းမှန်း သိလာပြီး နေ့ခင်းဘက်မှာ မလိုအပ်ဘဲ မီးချောင်း(မီးလုံး)တွေ ဖွင့်ထားတာ၊ တီဗွီကို ကြည့်မယ့်လူမရှိဘဲ တစ်ချိန်လုံး ဖွင့်ထားတာစတဲ့ လျှပ်စစ်ဓာတ်အား အလဟဿ ဖြုန်းတီးပစ်တာမျိုးကို မလုပ်ကြတော့ဘူးပေါ့။

လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရတာ အချိန်ယူရသလို ငွေကြေးကုန်ကျမှုလည်း အလွန်များပါတယ်။ ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပြီးလို့ ဓာတ်အား ထုတ်လုပ်နိုင်ပြီပဲ ဆိုပါတော့ . . ။ ချက်ချင်း အသုံးပြုလို့ရသေးတာ မဟုတ်ဘူး။ မဟာဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံတွေ အဆင့်ဆင့် သွယ်တန်း၊ တည်ဆောက်ပြီးမှသာ စက်ရုံ၊ အလုပ်ရုံနဲ့ နေအိမ်တွေမှာ အသင့်အသုံးပြုလို့ရတာပါ။

မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲနိုင်တဲ့ သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝပါတယ်။ ဒီလို သဘာဝအရင်းအမြစ်တွေ ပေါကြွယ်ဝပေမယ့်လည်း မြန်မာနိုင်ငံရဲ့ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ဖြစ်စဉ်



ရွှေလီ-မန်စံ-ရွှေစာရံ (၂၃၀) ကေဗွီဓာတ်အားလိုင်း တာဝါတိုင်ကို တွေ့ရစဉ်။

သမိုင်းကို ပြန်ပြောင်းကြည့်ရင် ၁၉၈၈ ခုနှစ် ရှေ့ပိုင်းကာလတွေမှာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံဆိုလို့ လက်ညှိုးထိုးပြစရာ(၁၆၈ မဂ္ဂါဝပ်) ထွက်ရှိတဲ့ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနဲ့ (၅၆ မဂ္ဂါဝပ်) ထွက်ရှိတဲ့ ကင်းတား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တို့ပဲ ရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် မတိုင်မီက ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံဆိုလို့ ပြစရာမရှိခဲ့ပါဘူး။

၁၉၈၈ခုနှစ် နောက်ပိုင်းမှာတော့ မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေ တစ်ခုပြီးတစ်ခု အပြိုင်အရိုင်း ပေါ်ပေါက်လာခဲ့ပါတယ်။ ပြည်နယ်နှင့်တိုင်းအနှံ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်နိုင်ခဲ့ရာ မန္တလေးတိုင်းမှာ ဆည်တော်ကြီး (၂၅ မဂ္ဂါဝပ်)၊ ပေါင်းလောင်း (၂၈၀ မဂ္ဂါဝပ်)နဲ့ ရဲရွာ (၇၉၀ မဂ္ဂါဝပ်)၊ ကယားပြည်နယ်မှာ ဘီလူးချောင်း အမှတ်(၁) (၂၈မဂ္ဂါဝပ်)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဇော်ဂျီ အမှတ်(၁) (၁၈ မဂ္ဂါဝပ်)၊ ဇော်ဂျီ အမှတ်(၂) (၁၂ မဂ္ဂါဝပ်)နဲ့ ရွှေလီ အမှတ်(၁) (၆၀၀ မဂ္ဂါဝပ်)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ကျိုင်းတောင်း (၅၄ မဂ္ဂါဝပ်)နဲ့ တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ(၁၂၀ မဂ္ဂါဝပ်)၊ ပဲခူးတိုင်းမှာ ဇောင်းတူ(၂၀ မဂ္ဂါဝပ်)၊ သဖန်းဆိပ် (၃၀ မဂ္ဂါဝပ်)၊ ရဲနွယ် (၂၅ မဂ္ဂါဝပ်)နဲ့ ခပေါင်း (၃၀ မဂ္ဂါဝပ်)၊ မကွေးတိုင်းမှာ မုန်း (၇၅ မဂ္ဂါဝပ်) စတဲ့ ဓာတ်အားပေးစက်ရုံတွေ ထပ်တိုးလာနိုင်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ် မတိုင်မီက လျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံသာ ရှိခဲ့ပြီး ၁၉၈၈ခုနှစ် နောက်ပိုင်းမှာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ အပါအဝင် လျှပ်စစ်ဓာတ်အားပေး စက်ရုံပေါင်း ၁၄ခုအထိ တည်ဆောက်နိုင်ခဲ့လို့ အခုဆိုရင် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၆ ရုံအထိ ရှိလာပြီဖြစ်ပါတယ်။ စက်တပ်ဆင်အားအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက (၂၂၄ မဂ္ဂါဝပ်)သာ ရှိခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်း (ယနေ့ကာလအထိ) (၂၁၀၇မဂ္ဂါဝပ်) အထိ ရှိလာပြီ ဖြစ်ပါတယ်။

သာယာကုန်း(၂၃၀)ကေဗွီပင်မဓာတ်အားခွဲရုံရှိ Switch Yards ကို တွေ့ရစဉ်။

အခုအချိန်မှာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၁၅ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ(၁၆)ရုံမှ မဟာဓာတ်အားလိုင်း (National Grid) နဲ့ ချိတ်ဆက်ပြီး ဓာတ်အား ပို့လွှတ်လျက်ရှိပါတယ်။

၁၉၈၈ခုနှစ် မတိုင်မီက ဓာတ်ငွေ့၊ ရေနွေးငွေ့နဲ့ ဒီဇယ်တို့ကို အသုံးပြုတဲ့ ဓာတ်အားပေး စက်ရုံတွေကိုသာ အဓိက အားကိုးအားထား ပြုခဲ့ရတာ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် မတိုင်မီက ဓာတ်ငွေ့၊ ရေနွေးငွေ့နဲ့ ဒီဇယ်သုံး ဓာတ်အားပေးစက်ရုံ ရှစ်ရုံနဲ့ (၃၀၅ ဒသမ ၁ မဂ္ဂါဝပ်) သာရှိခဲ့ပါတယ်။

၁၉၈၈ခုနှစ် နောက်ပိုင်းမှာ ရန်ကုန်တိုင်းအတွင်း လှော်ကား(၉၉ ဒသမ ၉ မဂ္ဂါဝပ်)၊ လှော်ကား(ရေနွေးငွေ့) (၅၄ ဒသမ ၃ မဂ္ဂါဝပ်)၊ နီဒို (ရေနွေးငွေ့) (၉ ဒသမ ၄ မဂ္ဂါဝပ်)၊ အလုံ(၉၉ ဒသမ ၉ မဂ္ဂါဝပ်)၊ အလုံ (ရေနွေးငွေ့) (၅၄ ဒသမ ၃ မဂ္ဂါဝပ်)၊ သာကေတ (၅၇ မဂ္ဂါဝပ်)နဲ့ သာကေတ(ရေနွေးငွေ့) (၃၅ မဂ္ဂါဝပ်)တို့ကို ထပ်တိုး တည်ဆောက်နိုင်ခဲ့ပါတယ်။

စက်တပ်ဆင်အားအနေဖြင့် ၁၉၈၈ ခုနှစ် မတိုင်မီက (၃၀၅ ဒသမ ၁မဂ္ဂါဝပ်) ဖြစ်ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ (၄၀၉ ဒသမ ၈မဂ္ဂါဝပ်) ဖြစ်ပါတယ်။

ရန်ကုန်မြို့အနီး ပတ်ဝန်းကျင် အတွင်းရှိ သဘာဝဓာတ်ငွေ့သုံး တာဘိုင် (Gas Turbine)တွေရဲ့ စက်တပ်ဆင်အားမှာ (၄၇၀ ဒသမ ၇၀ မဂ္ဂါဝပ်) ဖြစ်ပြီး အမျိုးသားဓာတ်အားကွန်ရက် (National Grid)မှ မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ်လျက်ရှိပါတယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်း တည်ဆောက်ခဲ့တဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအပြင် နောက်ထပ် ထပ်တိုးဆောင်ရွက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းတွေကလည်း အုံ့မခန်းလောက်အောင် တွေ့ရမှာဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ ဓာတ်အားပေးစက်ရုံ စီမံကိန်းတွေဟာ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေ အပါအဝင် စုစုပေါင်း စီမံကိန်း ၆၄ ခုတောင်မှ ရှိနေပါတယ်။

အဲဒီ ဆောင်ရွက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းတွေကတော့ မန္တလေးတိုင်းအတွင်းမှာ အထက်ပေါင်းလောင်း (၁၄၀ မဂ္ဂါဝပ်)၊ နန်ချို (၄၀ မဂ္ဂါဝပ်)၊ ရဲရွာ(၇၉၀ မဂ္ဂါဝပ်)၊ အထက်ဆည်တော်ကြီး (၆၄ မဂ္ဂါဝပ်)၊ မကွေးတိုင်းမှာ အထက်ဗူး(၁၅၀ မဂ္ဂါဝပ်)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ အထက်ရဲရွာ (၂၈၀ မဂ္ဂါဝပ်)၊ တာဆန်း (၇၁၁၀ မဂ္ဂါဝပ်)၊ ရွှေလီ(၃) (၁၀၅၀ မဂ္ဂါဝပ်)၊ အထက်ဘီလူးချောင်း (၂၉ မဂ္ဂါဝပ်)၊ အထက်သံလွင် (ကွမ်းလုံ) (၁၄၀၀ မဂ္ဂါဝပ်)၊ နောင်ဖ (၁၀၀၀ မဂ္ဂါဝပ်)၊ မာန်တောင်း (၂၀၀ မဂ္ဂါဝပ်)၊ ရွှေလီ(၂) (၅၂၀ မဂ္ဂါဝပ်)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ နမ့်လွေ စီမံကိန်း ခြောက်ခုဖြစ်တဲ့ ကျိုင်းတုံ(၉၆ မဂ္ဂါဝပ်)၊ ဝမ်တာပင်း (၂၅ မဂ္ဂါဝပ်)၊ ဆိုလူး (၁၆၅ မဂ္ဂါဝပ်)၊ မိုင်းဝ (၅၀ မဂ္ဂါဝပ်)၊ ကျိုင်းရမ်း (၂၈ မဂ္ဂါဝပ်)၊ ဟီကူး (၈၈ မဂ္ဂါဝပ်)၊ နမ့်ခ (၂၀၀ မဂ္ဂါဝပ်)၊ ပဲခူးတိုင်းမှာ ကွန်းချောင်း (၆၀ မဂ္ဂါဝပ်)၊ ဖြူးချောင်း (၄၀ မဂ္ဂါဝပ်)၊ သောက်ရေခပ်(၂) (၁၂၀ မဂ္ဂါဝပ်)၊ ရွှေကျင် (၇၅ မဂ္ဂါဝပ်)၊ ဘောဂတ (၁၆၈ မဂ္ဂါဝပ်)၊ ကရင်ပြည်နယ်မှာ ဟတ်ကြီး(၁၃၆၀ မဂ္ဂါဝပ်)၊ စစ်ကိုင်းတိုင်းမှာ ထမံသီ (၁၂၀၀ မဂ္ဂါဝပ်)၊ မဏိပူ (၃၈၀ မဂ္ဂါဝပ်)၊ ရွှေစာရေး(၆၆၀ မဂ္ဂါဝပ်)၊ မော်လိုက် (၅၂၀ မဂ္ဂါဝပ်)နဲ့ ကလေးဝ ကျောက်မီးသွေး ဓာတ်အားစက်ရုံ(၆၀၀ မဂ္ဂါဝပ်)၊ ရန်ကုန်တိုင်းမှာ ရန်ကုန် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ (၂၇၀ မဂ္ဂါဝပ်)၊ ကချင်ပြည်နယ်မှာ တာပိန်(၁)(၂၄၀ မဂ္ဂါဝပ်)၊ မြစ်ဆုံ (၆၀၀၀ မဂ္ဂါဝပ်)၊ ယီနန် (၁၂၀၀ မဂ္ဂါဝပ်)၊ ခေါင်လံဖူး (၂၇၀၀ မဂ္ဂါဝပ်)၊ ဖီဇော (၂၀၀၀ မဂ္ဂါဝပ်)၊ ဝူဆောက်(၁၈၀၀ မဂ္ဂါဝပ်)၊ ချီဖွေ(၂၈၀၀ မဂ္ဂါဝပ်)၊ လိုက်ဇာ (၁၉၀၀ မဂ္ဂါဝပ်)၊ ချီဖွေငယ် (၉၉ မဂ္ဂါဝပ်)၊ ထာခ (၆ မဂ္ဂါဝပ်)၊ တာပိန်(၂) (၁၆၈ မဂ္ဂါဝပ်)နဲ့ နော်ချမ်းခ စီမံကိန်း ငါးခုဖြစ်တဲ့ ကူလန့် (၁၀၀ မဂ္ဂါဝပ်)၊ ဝူကျုံးကျယ် (၆၀ မဂ္ဂါဝပ်)၊ ခန်ကန်း(၁၄၀ မဂ္ဂါဝပ်)၊ ထုံရှင်းချောင်း(၃၂၀ မဂ္ဂါဝပ်)၊ လောင်းဒင်(၄၃၅ မဂ္ဂါဝပ်)၊ ရခိုင်ပြည်နယ်မှာ သူဌေး(၁၁၁ မဂ္ဂါဝပ်)၊ အမ်းချောင်း (၁၀ မဂ္ဂါဝပ်)၊ စိုင်းဒင် (၇၆ ဒသမ ၅ မဂ္ဂါဝပ်)နဲ့ လေးမြို့ (၅၀၀ မဂ္ဂါဝပ်)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ အထက်ကျိုင်းတောင်း (၅၁ မဂ္ဂါဝပ်)၊ ကယားပြည်နယ်မှာ ဘီလူးချောင်း (၃) (၅၂ မဂ္ဂါဝပ်)၊ ရွာသစ်(၆၀၀ မဂ္ဂါဝပ်)၊ နမ့်ပွန်(၁၃၀ မဂ္ဂါဝပ်)နဲ့နမ့်တဘက်(၁၁၀ မဂ္ဂါဝပ်)၊ တနင်္သာရီတိုင်းမှာ သကျက်(၂၀ မဂ္ဂါဝပ်)၊ ကျော့သောင်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ (၆ မဂ္ဂါဝပ်)၊ အညာဖျား (၉ မဂ္ဂါဝပ်) နဲ့ တနင်္သာရီ (၆၀၀ မဂ္ဂါဝပ်)တို့ ဖြစ်ပါတယ်။

နိုင်ငံ့ဂုဏ်ဆောင် ရေအားလျှပ်စစ် စီမံကိန်းတစ်ခုဖြစ်တဲ့ ရဲရွာရေအားလျှပ်စစ်စီမံကိန်းဟာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မန္တလေးမြို့ရဲ့ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲ-ယမန်းကျေးရွာအနီးမှာ တည်ရှိပါတယ်။ တမံအမျိုးအစားဟာ ကွန်ကရစ်တမံ(Roller Compacted Concrete Dam)အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံမှာ ပထမဆုံး တည်ဆောက်တဲ့ တမံအမျိုးအစားလည်း ဖြစ်ပါတယ်။

ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းရဲ့ တမံအမြင့်ဟာ ၄၃၃ ပေ ဖြစ်ပြီး ပုပ္ပားမီးတောင်က ချော်ကျောက်ကို ကြိတ်ထားတဲ့ သဘာဝပိုဇိုလမ်နဲ့ ဘိလပ်မြေတို့ကို အချိုးကျရောစပ်ပြီး တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ရေလှောင်ကန်ရဲ့ အမြင့်ဆုံးကန်ရေပြင် နိမ့်/မြင့် အမှတ်ဟာ (၆၆၆ ဒသမ ၈)ပေ၊ ကန်ရေပြည့်သိုလှောင်ပမာဏဟာ ၂၁၁၄၂၀၀ ဧကပေ ဖြစ်ပါတယ်။

ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းရဲ့ စက်တပ်ဆင်အားဟာ (၇၉၀ မဂ္ဂါဝပ်) (၄ X ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်) ဖြစ်ပြီး တစ်နေ့ ပျမ်းမျှ ထုတ်လုပ်နိုင်မယ့် ဓာတ်အားဟာ ၃၅၅၀ သန်း ကီလိုဝပ်နာရီ ဖြစ်ပါတယ်။ စက်လေးလုံးရဲ့ စုစုပေါင်း တပ်ဆင်အားဟာ (၇၉၀ မဂ္ဂါဝပ်)ဖြစ်ပေမယ့် သိုလှောင်ထားတဲ့ ကန်ရေအမြင့်ပေါ် မူတည်ပြီး ဓာတ်အား ထုတ်လုပ်မှုမှာ အနည်းအများ ကွာခြားချက်ရှိမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၉ ရက်နေ့အထိ ကန်ရေပြင် နိမ့်/မြင့် အမှတ်ဟာ ၅၆၇ ပေ ဖြစ်ပါတယ်။

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းရဲ့ စက်အမှတ်(၁)ကို ၁၈-၂-၂၀၁၀ ရက်မှာ စမ်းသပ် မောင်းနှင် လည်ပတ်ခဲ့ပြီး ၂၄-၂-၂၀၁၀ ရက်မှစတင်ကာ ဓာတ်အား ထုတ်လုပ် ပို့လွှတ်လျက်ရှိပါတယ်။ စက်အမှတ်(၂)ကို ၈-၇-၂၀၁၀ ရက်မှာ စမ်းသပ်မောင်းနှင်လည်ပတ်ခဲ့ပြီး ၁၄-၇-၂၀၁၀ ရက်မှာ ဓာတ်အားထုတ်လုပ် ပို့လွှတ်လျက်ရှိပါတယ်။ အခုအချိန်မှာ စက်အမှတ်(၁)နဲ့ စက်အမှတ်(၂)တို့မှ တစ်ရက်လျှင် စုစုပေါင်း ဓာတ်အား ၃ ဒသမ ၃ သန်း ကီလိုဝပ်နာရီ ထုတ်လုပ်ပြီး ဓာတ်အားစနစ်အတွင်း ပို့လွှတ်လျက်ရှိပါတယ်။ စက်အမှတ်(၃)နဲ့ စက်အမှတ်(၄)တို့ကို တပ်ဆင်ဆောင်ရွက်ဆဲဖြစ်ပြီး စီမံကိန်းတစ်ခုလုံးရဲ့ (၉၆ ဒသမ ၄၅)ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ လာမယ့် အောက်တိုဘာလမှာ စီမံကိန်းတစ်ခုလုံး ရာခိုင်နှုန်းပြည့် ပြီးစီးမှာဖြစ်ကြောင်းသိရပါတယ်။

ဆောင်ရွက်ဆဲ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ စီမံကိန်းတွေနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတွေ အားလုံးပြီးစီးသွားတဲ့အခါ စုစုပေါင်း တပ်ဆင်စက်အင်အား (၄၁၁၂၁ဒသမ၅၀ မဂ္ဂါဝပ်) ရှိလာမှာဖြစ်ပါတယ်။ ဆက်လက်တည်ဆောက်သွားမယ့် ရေအားလျှပ်စစ် စီမံကိန်းတွေကတော့ မွန်ပြည်နယ်မှာ ဘီးလင်း(၂၈၀ မဂ္ဂါဝပ်)နဲ့ ကရင်ပြည်နယ်မှာ ဒယိုင်းချောင်း(၂၅ မဂ္ဂါဝပ်) တို့ပဲ ဖြစ်ပါတယ်။

ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်ဖွင့်လှစ်ပေးနေသလို အခြားတစ်ဖက်ကလည်း တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ဖို့ မဟာဓာတ်အားလိုင်းတွေ၊ ပင်မ ဓာတ်အားခွဲရုံကြီးတွေ တည်ဆောက်ပေးလျက်ရှိပါတယ်။ မဟာဓာတ်အားလိုင်းနဲ့ ပင်မဓာတ်အားခွဲရုံတွေကို ရေအားလျှပ်စစ်စက်ရုံတွေ တည်ဆောက်ပြီးစီးမယ့် အချိန်နဲ့ တစ်ပြေးညီ တည်ဆောက်ပြီးစီးဖို့ စီစဉ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်ကို တိုးချဲ့တည်ဆောက်လျက်ရှိပါတယ်။

ယခင် ရှိပြီးသား မဟာဓာတ်အားလိုင်းတွေအပြင် မဟာဓာတ်အားလိုင်းစီမံကိန်းဖြစ်တဲ့ ပန်လုံ-နမ့်ဆန် (၆၆)ကေဗွီဓာတ်အားလိုင်း (၁၈)မိုင် စီမံကိန်းနဲ့ ပင်မဓာတ်အားခွဲရုံ စီမံကိန်းဖြစ်တဲ့ နမ့်ဆန်(၆၆/၁၁)ကေဗွီ၊(၅) အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းတို့ကို အကောင်အထည်ဖော် တည်ဆောက်ပြီးဖြစ်ပါတယ်။

ဆောင်ရွက်ဆဲ စီမံကိန်းတွေကတော့ မဟာဓာတ်အားလိုင်းစီမံကိန်း နှစ်ခုဖြစ်တဲ့ ကျောက်ပုထိုး-ရွှေကူ-ဗန်းမော် (၆၆)ကေဗွီဓာတ်အားလိုင်းမှ နဘားဓာတ်အားခွဲရုံသို့ အဝင်/အထွက် ဓာတ်အားလိုင်း (၃)မိုင်စီမံကိန်းနဲ့

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်

လျှပ်စစ်စက်ရုံကို တွေ့ရစဉ်။

ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံ၏ Switch Yards ကို တွေ့ ရစဉ်။

ပေးစက်ရုံ စီမံကိန်းတွေ အားလုံးပြီးစီးသွားတဲ့အခါ စုစုပေါင်း တပ်ဆင်စက်အင်အား (၄၁၁၂၁ဒသမ၅၀ မဂ္ဂါဝပ်) ရှိလာမှာဖြစ်ပါတယ်။ ဆက်လက်တည်ဆောက်သွားမယ့် ရေအားလျှပ်စစ်စီမံကိန်းတွေကတော့ မွန်ပြည်နယ်မှာ ဘီးလင်း(၂၈၀ မဂ္ဂါဝပ်)နဲ့ ကရင်ပြည်နယ်မှာ ဒယိုင်းချောင်း(၂၅ မဂ္ဂါဝပ်)တို့ပဲ ဖြစ်ပါတယ်။

ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားလက်ရှိ ကျွန်းချောင်း-ပခုက္ကူ(၆၆) ကေဗွီ ဓာတ်အားလိုင်း (၉ ဒသမ ၅) မိုင် စီမံကိန်း၊ ပင်မဓာတ်အားခွဲရုံစီမံကိန်း နှစ်ခုဖြစ်တဲ့ နဘား(၆၆/၃၃/၁၁)ကေဗွီ၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံနဲ့ ကမ္မဓာတ်အားပေး စက်ရုံမှာ (၆၆/၁၁) ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ဖြစ်ပါတယ်။

ဆက်လက်ဆောင်ရွက်မယ့် စီမံကိန်းအသစ် ၁၁ ခုကတော့ မဟာဓာတ်အားလိုင်း စီမံကိန်း ငါးခုဖြစ်တဲ့ Single Circuit မဟာဓာတ်အားလိုင်း (၀ ဒသမ ၉)မိုင်၊ သထုံ-မော်လမြိုင် Twin Bundle., Single Circuit မဟာဓာတ်အားလိုင်း မိုင်(၆၀)၊ နဘား-မိုးညှင်း(၆၆)ကေဗွီ ဓာတ်အားလိုင်း (၅၅)မိုင်၊ ပင်မဓာတ်အားခွဲရုံစီမံကိန်း ခြောက်ခုဖြစ်တဲ့ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံမှာ Substation Bay Extension တစ်ခု တိုးချဲ့တည်ဆောက်ခြင်း၊ အလုံ(၂၃၀/၃၃) ကေဗွီ၊ (၂ X ၁၀၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ၊ မိုးညှင်း (၆၆/၁၁)ကေဗွီ၊ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံနဲ့ မိုးကောင်း (၆၆/၁၁)ကေဗွီ၊ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ဖြစ်ပါတယ်။

တည်ဆောက်လျက်ရှိတဲ့ စီမံကိန်းတွေ အကောင်အထည်ဖော်ပြီးစီးတဲ့အခါ ဖြစ်ပေါ်တိုးတက်လာမယ့် လျှပ်စစ်ဓာတ်အားပမာဏဟာ ပြည်တွင်းသုံးအတွက် လုံလောက်ရုံ သာမက ဘဲ အိမ်နီးနားချင်း နိုင်ငံတွေဖြစ်တဲ့ ဓာတ်အား ကွန်ရက်နဲ့ ချိတ်ဆက်ပြီး အာဆီယံနိုင်ငံတွေနဲ့ ဆက်သွယ်ကာ ဓာတ်အားထုတ်လုပ်မှုတွေ ပြုလုပ်လာနိုင်မှာဖြစ်ပါတယ်။

ပြည်တွင်းသုံး လျှပ်စစ်ဓာတ်အား လိုအပ်ချက် လုံလောက်လာတာနဲ့အမျှ လျှပ်စစ်ဓာတ်အားကို အပြည့်အဝ သုံးစွဲပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှာဖြစ်လို့ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာမှာဖြစ်ပါတယ်။ နိုင်ငံတကာ နယ်ပယ်စုံမှာ ရင်ပေါင်တန်း ထိုးဖောက် ယှဉ်ပြိုင်နိုင်မှာဖြစ်လို့ မျိုးဆက်သစ်တွေအတွက် ရေရှည်အကျိုးစီးပွား ခံစားကြရမှာဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် (၇၉၀) ထုတ်လုပ်နိုင်မည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း မကြာမီ ပြီးစီးတော့မည် ဖြစ်သည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ နိုင်ငံတော်အစိုးရအနေနဲ့ ဒီဇယ်၊ ဓာတ်ငွေ့နဲ့ ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံတွေ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေနဲ့ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွေကို ဒီလောက်အထိ လက်ညှိုးထိုးမလွဲ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ပေမယ့်လည်း လောလောဆယ်မှာတော့ နိုင်ငံတစ်ဝန်း လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားပမာဏကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပါဘူး။ ရန်ကုန်မြို့ အပါအဝင် နယ်မြေဒေသအချို့မှာ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီပတ်လုံး လိုအပ်သလောက် ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးတာကို တွေ့ရမှာဖြစ်ပါတယ်။

တကယ်တမ်းကျတော့ ၁၉၈၈ ခုနှစ် ဒီဘက်ပိုင်းမှာ ပြည်နယ်နှင့် တိုင်းအနှံ့အပြား စက်မှုဇုန်တွေ ထူထောင်ပေးခဲ့တာနဲ့အမျှ စက်ရုံ၊ အလုပ်ရုံတွေ တိုးတက်များပြားလာခဲ့ပါတယ်။ မြို့သစ်တွေ ပေါ်ပေါက်လာသလို အဆင့်မြင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့☆

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့အနီးရှိ ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။

ပေးစက်ရုံတွေ တည်ဆောက်ဖွင့်လှစ်ပေးနေသလို အခြားတစ်ဖက်ကလည်း တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ဖို့ မဟာဓာတ်အားလိုင်းတွေ၊ ပင်မ ဓာတ်အားခွဲရုံကြီးတွေ တည်ဆောက်ပေးလျက်ရှိပါတယ်။ မဟာဓာတ်အားလိုင်းနဲ့ ပင်မဓာတ်အားခွဲရုံတွေကို ရေအားလျှပ်စစ်စက်ရုံတွေ တည်ဆောက်ပြီးစီးမယ့် အချိန်နဲ့ တစ်ပြေးညီ တည်ဆောက်ပြီးစီးဖို့ စီစဉ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်ကို တိုးချဲ့တည်ဆောက်လျက်ရှိပါတယ်။

ယခင် ရှိပြီးသား မဟာဓာတ်အားလိုင်းတွေအပြင် မဟာဓာတ်အားလိုင်းစီမံကိန်းဖြစ်တဲ့ ပန်လုံ-နမ့်ဆန်(၆၆)ကေဗွီဓာတ်အားလိုင်း (၁၈)မိုင်စီမံကိန်းနဲ့ ပင်မဓာတ်အားခွဲရုံ စီမံကိန်းဖြစ်တဲ့ နမ့်ဆန်(၆၆/၁၁)ကေဗွီ၊(၅) အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းတို့ကို အကောင်အထည်ဖော် တည်ဆောက်ပြီးဖြစ်ပါတယ်။

ဆောင်ရွက်ဆဲ စီမံကိန်းတွေကတော့ မဟာဓာတ်အားလိုင်းစီမံကိန်း နှစ်ခုဖြစ်တဲ့ ကျောက်ပုထိုး-ရွှေကူ-ဗန်းမော်(၆၆)ကေဗွီဓာတ်အားလိုင်းမှ နဘားဓာတ်အားခွဲရုံသို့ အဝင်/အထွက် ဓာတ်အားလိုင်း (၃)မိုင်စီမံကိန်းနဲ့ လှိုင်သာယာ-အလုံ(၂၃၀)ကေဗွီ၊ Twin Bundle., Single Circuit မဟာဓာတ်အားလိုင်း (၁၅)မိုင်၊ လှိုင်မြစ်ကျော်(အလုံ) (၂၃၀) ကေဗွီ Twin Bundle., ခွဲရုံ၊ သထုံဓာတ်အားပေးစက်ရုံမှာ (၂၃၀)ကေဗွီ Switch Bay တစ်ခု တိုးချဲ့တည်ဆောက်ခြင်း၊ မော်လမြိုင်မှာ (၂၃၀/၆၆/၁၁)ကေဗွီ၊ (၂ X ၅၀) တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့ကို ရောင်းချနိုင်မှာ ဖြစ်လို့ နိုင်ငံခြားဝင်ငွေပါ ရရှိလာမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် Grater Mekomg Sub-Region

နန်ချို ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော လျှပ်စစ်စွမ်းအားကဏ္ဍ

စဉ်	စက်ရုံများ	အရေအတွက်	စက်တပ်ဆင်အား (မဂ္ဂါဝပ်)	တစ်နှစ်ထုတ်လုပ်နိုင်မည့် ကီလိုဝပ်နာရီသန်းပေါင်း
၁	လက်ရှိဓာတ်အားပေးစက်ရုံများ	၃၁	၂၄၅၃. ၄	၁၅၀၃၇. ၅
၂	တည်ဆောက်ဆဲစီမံကိန်းများမှဖြစ်ပေါ်လာမည့်ဓာတ်အားပေးစက်ရုံများ	၆၁	၄၁၁၁၃. ၅	၂၀၈၇၅၃. ၃၃
၃	ဆက်လက်တည်ဆောက်မည့်စီမံကိန်းများမှ ဖြစ်ပေါ်လာမည့် ဓာတ်အားပေးစက်ရုံများ	၂	၃၀၅. ၀၀	၁၅၉၉
	စုစုပေါင်း	**၉၄**	**၄၃၈၇၁. ၉၀**	**၂၂၅၃၈၉. ၈၃**

စီမံကိန်းကာလအလိုက် တိုးတက်ရရှိလာမည့် စက်တပ်ဆင်အား

စဉ်	စီမံကိန်းကာလ/နှစ်	စီမံကိန်းကာလတွင် ရရှိလာမည့် လျှပ်စစ်စက်တပ်ဆင်အား မဂ္ဂါဝပ်
၁	ပထမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၀၅-၂၀၀၆)ခုနှစ်	၃၁၈၆
၂	ဒုတိယ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၁၀-၂၀၁၁)ခုနှစ်	၈၆၂၀
၃	တတိယ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၁၅-၂၀၁၆)ခုနှစ်	၁၁၁၅၄
၄	စတုတ္ထ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၂၀-၂၀၂၁)ခုနှစ်	၁၂၀၇၆
၅	ပဉ္စမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၂၅-၂၀၂၆)ခုနှစ်	၁၇၂၀၂
၆	ဆဋ္ဌမ(၅)နှစ် စီမံကိန်းပြီးစီးသည့်နှစ် (၂၀၃၀-၂၀၃၁)ခုနှစ်	၂၃၃၂၄

အနီးစပ်ဆုံးနှင့် အမြန်ဆုံးပြီးစီးသွားနိုင်မည့် စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	စက်တပ်ဆင်အား (မဂ္ဂါဝပ်)	ပြီးစီးမည့်ခုနှစ်
၁	ရဲရွာစီမံကိန်း	၇၉၀	၂၀၁၀
၂	ရွှေကျင်စီမံကိန်း	၇၅	၂၀၁၀
၃	ချီဖွေငယ်စီမံကိန်း	၉၉	၂၀၁၁
၄	ကွန်းချောင်းစီမံကိန်း	၆၀	၂၀၁၁
၅	ဖြူးချောင်းစီမံကိန်း	၄၀	၂၀၁၁
၆	နန်ချိုစီမံကိန်း	၄၀	၂၀၁၁
၇	တာပိန်(၁)စီမံကိန်း	၂၄၀	၂၀၁၁
၈	အထက်ပေါင်းလောင်းစီမံကိန်း	၁၄၀	၂၀၁၂
၉	သောက်ရေခပ်(၂)စီမံကိန်း	၁၂၀	၂၀၁၂
၁၀	ဘီလူးချောင်း(၃)စီမံကိန်း	၅၂	၂၀၁၂
	စုစုပေါင်း	**၁၆၅၆**	

☆ စာမျက်နှာ ၉ မှ

အိမ်ရာတွေ၊ အထပ်မြင့်အိမ်ရာတွေ တစ်ဟုန်ထိုး တည်ဆောက်လာခဲ့ကြပါတယ်။ အရင်က အိမ်တစ်အိမ်မှာ မီတာဘောက်တစ်ခုသာရှိခဲ့ရာက အဲဒီနေရာမှာ နှစ်ခန်းတွဲ လေးထပ်တိုက်တစ်လုံး ဆောက်လိုက်ခြင်းအားဖြင့် မီတာဘောက်ရှစ်ခု ရှိလာပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုကလည်း (၈)ဆရှိလာမှာဖြစ်ပါတယ်။ အိမ်တစ်အိမ်ချင်းမှာတောင် အဲဒီလိုအခြေအနေမျိုးရှိနေရင် လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ဘယ်လောက်ဓာတ်အားသုံးစွဲမှုမြင့်တက်လာမယ်ဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ပုံမှန်တိုးတက်လျက်ရှိပြီး အခုဆိုရင် လူဦးရေသန်း ၆၀ ခန့် ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီလိုလူဦးရေ တိုးတက်လာတဲ့အပြင် ခေတ်ကာလအလျောက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုလည်း ပိုမိုမြင့်မားလာခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားနဲ့မကင်းတဲ့ ရုပ်မြင်သံကြားပြစက်၊ ကွန်ပျူတာ၊ ပန်ကာ၊ မိတ္တူကူးစက်၊ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မီးပူ၊ လျှပ်စစ်မီးဖို၊ ထမင်းပေါင်းအိုး၊ အဝတ်လျှော်စက် စတဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ အသုံးပြုမှုအဆမတန် တိုးတက်များပြားလာခဲ့သလို စက်ရုံ၊ အလုပ်ရုံတွေရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏလည်း ယခင်တုန်းကနဲ့ မယှဉ်သာလောက်အောင် များလာတာအမှန်ပါပဲ။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြန်ကြည့်ရင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုနဲ့ ဓာတ်အားလိုအပ်မှု အချိုးမညီဘဲ ဖြစ်လာခဲ့ပါတယ်။

မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာသာ ဒီလိုလျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိနေတာမဟုတ်ဘဲ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနဲ့ လာအိုတို့အပြင် ကမ္ဘောဒီးယားနိုင်ငံမှာလည်း ဓာတ်အားလိုအပ်ချက်တွေ ရှိနေပါတယ်။ ဒ့ါကြောင့် အဲဒီနိုင်ငံတွေဟာ ပြည်တွင်းဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ တစ်ဖက်က လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်နေရသလို တစ်ဖက်ကလည်း ပြည်ပနိုင်ငံတွေဆီက လျှပ်စစ်ဓာတ်အား ဝယ်ယူသုံးစွဲနေရပါတယ်။

တရုတ်နိုင်ငံမှာ ပြည်တွင်းသုံးစွဲမှု လုံလောက်ပေမယ့် ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတို့ကို လျှပ်စစ်ဓာတ်အား ရောင်းချနေတာမို့ ဓာတ်အားထပ်မံ ရရှိနိုင်မယ့် အရင်းအမြစ်တွေကို ရှာဖွေဖော်ထုတ်နေဆဲ ဖြစ်ပါတယ်။ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေမှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်နေပေမယ့်လည်း စက်မှုကဏ္ဍ တိုးတက်လာတာနဲ့အမျှ ' သမင်မွေးရင်း၊ ကျားစားရင်း ' ဆိုသလို ဓာတ်အားလိုအပ်ချက် မြင့်မားနေဆဲဖြစ်တာကို တွေ့ရပါတယ်။

နိုင်ငံတော်အနေနဲ့ အရင်ရှိပြီးသား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုပမာဏနဲ့ မလုံလောက်တော့တဲ့အခါမှာ လျှပ်စစ်ဓာတ်အားထုတ်ယူရရှိနိုင်မယ့် အရင်းအမြစ်တွေကို ထပ်မံရှာဖွေဖို့ အစီအမံတွေ ချမှတ်လုပ်ဆောင်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒ့ါအပြင် အရင်က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းမရှိတဲ့ ဒေသတွေအတွက်လည်း ထည့်သွင်းစဉ်းစားပြီး ရေအားလျှပ်စစ်စီမံကိန်းတွေကို ငွေကုန်ကြေးကျများစွာခံပြီး နေ့မအား၊ ညမနား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့်လည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းဟာ 'ခု ရေတွင်းတူး၊ ခု ရေကြည်သောက်' လို့ရတဲ့ လုပ်ငန်းမျိုးမဟုတ်ပါဘူး။ ရေအားအရင်းအမြစ်တည်ရှိရာနေရာတွေကို ရှာဖွေစူးစမ်းတိုင်းတာခြင်းကနေ နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားကွန်ရက်မှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်တဲ့အထိ နှစ်ပေါင်းများစွာ အချိန်ယူပြီး အဆင့်ဆင့်ဆောင်ရွက်ရတာဖြစ်ပါတယ်။ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံတွေကို လူသူမနီးတဲ့ တောတောင်တွေထဲက ရေအရင်းအမြစ်ရှိရာ နေရာတွေမှာ တည်ဆောက်ရတာဖြစ်လို့ ဘယ်လောက်အပင်ပန်းအဆင်းရဲခံပြီး တည်ဆောက်ရတယ်ဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။ ဒါပေမယ့်လည်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံဟာ တည်ဆောက်ရတဲ့ကာလကြာရှည်ပြီး ခက်ခဲပေမယ့် နှစ်ပေါင်းများစွာအထိ အကျိုးကျေးဇူးခံစားရတယ်ဆိုတာ နှစ်(၅၀)ပြည့်ရွှေရတုသဘင်ကာလကို လွန်မြောက်ခဲ့တဲ့ ကယားပြည်နယ်က ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးက သက်သေခံနေပါတယ်။

ရခိုင်ပြည်နယ်လို တောင်ကုန်း တောင်တန်းနဲ့ မြစ်ချောင်းပေါများတဲ့ ဒေသမှာ ရေအားလျှပ်စစ်စီမံကိန်းတွေ အကောင်အထည်ဖော်ရတာ လွန်စွာမှ ခက်ခဲပါတယ်။ မိုးရွာသွန်းမှုများပြားတဲ့ ဒေသဖြစ်လို့ မိုးရာသီမှာလုပ်ငန်းတွေ ရပ်စဲထားရပြီး မိုးကုန်မှ လုပ်ငန်းပြန်စရတာမျိုးပါ။ စက်ယန္တရားတွေကို လုပ်ငန်းခွင်ရောက်ဖို့ သယ်ယူပို့ဆောင်စရိတ်အမြောက်အမြားသုံးစွဲပြီး ခက်ခက်ခဲခဲ သယ်ယူရပါတယ်။ ၁၉၈၈ ခုနှစ် မတိုင်မီက အစိုးရအဆက်ဆက် အိပ်မက်သာ မက်နိုင်ခဲ့တဲ့ ရခိုင်ပြည်နယ်အတွင်းမှာ ရထားလမ်းဖောက်လုပ်ခြင်းနဲ့ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းတွေကို နိုင်ငံတော်အစိုးရက ကြိုးပမ်းအကောင်အထည်ဖော်နေတာဟာ ပြည်သူတွေအပေါ်ထားရှိတဲ့ စိတ်ရင်းစေတနာအမှန်ကို ဖော်ပြနေတာပဲဖြစ်ပါတယ်။

အခုအခါမှာ ရန်ကုန်မြို့နေ ပြည်သူတွေ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးအတွက် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက မုတ္တမကမ်းလွန် ရတနာသဘာဝဓာတ်ငွေ့မြေမှ ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံးကမ်းလွန်ပိုက်လိုင်းကို မိုင်ပေါင်း(၁၇၉ ဒသမ ၆၄) မိုင်အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၇၀ ခန့် အကုန်အကျခံ သွယ်တန်းတည်ဆောက်ပေးခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇွန်လ ၈ ရက်က ရတနာသဘာဝဓာတ်ငွေ့မြေမှ ၂၄ လက်မပိုက်လိုင်းသစ်ကနေ ရန်ကုန်မြို့ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ထိန်းချုပ် တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)(Gas Distribution Station) သို့ သဘာဝဓာတ်ငွေ့တွေ စတင်ပေးပို့ခဲ့ပါတယ်။ အဲဒီရွာမစခန်းကနေ ဇွန်လ ၁၂ ရက်က စတင်ပြီး ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့တွေကို တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိရာ အခုဆိုရင် ရန်ကုန်မြို့ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ခု အထိ ပိုမိုဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရက တည်ဆောက်ပေးပြီးဖြစ်တဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေနဲ့ ထပ်မံတည်ဆောက်မယ့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေဟာ အဖိုးမဖြတ်နိုင်တဲ့ အမျိုးသားအမွေအနှစ်တွေပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စိတ်ရင်းစေတနာမှန်ကန်မှုနဲ့ အမြော်အမြင် ကြီးမားမှုတို့ဖြင့် ပေါ်ပေါက်တည်ရှိလာတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေဟာ အနာဂတ်မျိုးဆက်သစ်တွေ အကျိုးခံစားကြရမှာဖြစ်လို့ ရေရှည်တည်တံ့ပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် နောင်အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက်သွားကြရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

ဗန်းမော်မြို့ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ တာပိန်မြစ်ပေါ်တွင် အကောင်အထည်ဖော်လျက်ရှိသော တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။

ဆက်လက်တည်ဆောက်လျက်ရှိသည့် စီမံကိန်းများ

စဉ်	စီမံကိန်းအမည်	တည်နေရာ ပြည်နယ်/တိုင်း	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)
၁	မြစ်ဆုံ	ကချင်	၆၀၀၀
၂	ယီနန်	ကချင်	၁၂၀၀
၃	ခေါင်လံဖူး	ကချင်	၂၇၀၀
၄	ဖီဇော	ကချင်	၂၀၀၀
၅	ဝူဆောက်	ကချင်	၁၈၀၀
၆	ချီဖွေ	ကချင်	၂၈၀၀
၇	ချီဖွေငယ်	ကချင်	၉၉
၈	လိုက်ဇာ	ကချင်	၁၉၀၀
၉	တာပိန် (၁)	ကချင်	၂၄၀
၁၀	တာပိန်(၂)	ကချင်	၁၆၈
၁၁	တာခ	ကချင်	၆
၁၂	နော်ချမ်းခ (စီမံကိန်း-၅ခု)	ကချင်	၁၀၅၅
၁၃	ဘီလူးချောင်း (၃)	ကယား	၅၂
၁၄	ရွာသစ်	ကယား	၆၀၀
၁၅	နမ့်ပွန် (စီမံကိန်း-၅ခု)	ကယား	၁၃၀
၁၆	နမ့်တဘတ်	ကယား	၁၁၀
၁၇	ဟတ်ကြီး	ကရင်	၁၃၆၀
၁၈	စိုင်းဒင်	ရခိုင်	၇၆.၅
၁၉	လေးမြို့	ရခိုင်	၅၀၀
၂၀	အမ်းချောင်း	ရခိုင်	၁၀
၂၁	သူငွေး	ရခိုင်	၁၁၁
၂၂	တာဆန်း	ရှမ်း	၇၁၁၀
၂၃	ရွှေလီ(၂)	ရှမ်း	၅၂၀
၂၄	ရွှေလီ(၃)	ရှမ်း	၁၀၅၀
၂၅	အထက်သံလွင်	ရှမ်း	၁၄၀၀
၂၆	အထက်ရဲရွာ	ရှမ်း	၂၈၀
၂၇	အထက်ဘီလူးချောင်း	ရှမ်း	၂၉
၂၈	အထက်ကျိုင်းတောင်း	ရှမ်း	၅၁
၂၉	နောင်ဖ/မန်တောင်း(စီမံကိန်း-၂ခု)	ရှမ်း	၁၂၀၀
၃၀	နမ့်လွေ (စီမံကိန်း-၅ခု)	ရှမ်း	၄၅၂
၃၁	နမ့်ခ	ရှမ်း	၂၀၀
၃၂	ရွှေစာရေး	စစ်ကိုင်း	၆၆၀
၃၃	မော်လိုက်	စစ်ကိုင်း	၅၂၀
၃၄	ထမံသီ	စစ်ကိုင်း	၁၂၀၀
၃၅	မဏိပူ	စစ်ကိုင်း	၃၈၀
၃၆	တနင်္သာရီ	တနင်္သာရီ	၆၀၀
၃၇	သကျက်	တနင်္သာရီ	၂၀
၃၈	အညာဖျား	တနင်္သာရီ	၉
၃၉	ဘောဂတ	ပဲခူး	၁၆၈
၄၀	ကွန်းချောင်း	ပဲခူး	၆၀
၄၁	ဖြူးချောင်း	ပဲခူး	၄၀
၄၂	သောက်ရေခပ် (၂)	ပဲခူး	၁၂၀
၄၃	ရွှေကျင်	ပဲခူး	၇၅
၄၄	အထက်ပေါင်းလောင်း	မန္တလေး	၁၄၀
၄၅	နန်ချို	မန္တလေး	၄၀
၄၆	ရဲရွာ	မန္တလေး	၇၉၀
၄၇	အထက်ဆည်တော်ကြီး	မန္တလေး	၆၄
၄၈	အထက်ဗူး	မကွေး	၁၅၀

ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ထိန်းချုပ်ခန်းကို တွေ့ရစဉ်။



နှစ်အလိုက် လျှပ်စစ်စက်တပ်ဆင်အား တိုးတက်လာမည့်အခြေအနေ
(၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ
တစ်နှစ်ပြီးတစ်နှစ် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိမည့်အခြေအနေ)

ခုနှစ်	စက်ရုံ အရေအတွက်	လက်ရှိလျှပ်စစ် စက်တပ်ဆင်အား(မဂ္ဂါဝပ်)	တိုးတက်လာမည့် လျှပ်စစ် စက်တပ်ဆင်အား(မဂ္ဂါဝပ်)	ရှိလာမည့် လျှပ်စစ်စက် တပ်ဆင်အား(မဂ္ဂါဝပ်)
၂၀၀၉	၃၀	၂၂၅၅.၉	-	၂၂၅၅.၉
၂၀၁၀	၃၂	-	၈၆၅	၃၁၂၀.၉
၂၀၁၁	၃၇	-	၄၇၉	၃၅၉၉.၉
၂၀၁၂	၄၀	-	၃၁၂	၃၉၁၁.၉

ဘောလုံးလောက သတင်းတိုများ

ဝင်းတင် (ကြေးမုံ)

ဖာနန်ဒိုတောရက်စ်အား ပေါင်သန်း၅၀ဖြင့် ချယ်လ်ဆီး ကမ်းလှမ်း

လန်ဒန် ဇူလိုင် ၁၉

ပရီမီယာလိဂ် ထိပ်သီးကလပ် ချယ်လ်ဆီးအသင်းသည်ထိပ်တန်း တိုက်စစ်မှူး တစ်ဦးဖြစ်သည့် လီဗာပူးတိုက်စစ်မှူး ဖာနန်ဒို တောရက်စ်ကို ခေါ်ယူရန် ပေါင်သန်း၅၀ဖြင့် တရားဝင်ကမ်းလှမ်းလိုက်သည်။ ချယ်လ်ဆီးအသင်းသည် ပထမအကြိမ်က ဖာနန်ဒိုတောရက်စ်အား ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းခဲ့ရာ လီဗာပူးအသင်းက ပယ်ချခဲ့ခြင်းကြောင့် ယခုအကြိမ်တွင် ၁၀သန်း ထပ်မံတိုးမြှင့် ကမ်းလှမ်းလိုက်ခြင်း ဖြစ်သည်။

၂၀၀၉-၂၀၁၀ ဘောလုံးရာသီ ပြီးချိန်တွင် လီဗာပူးအသင်းမှာ အကြွေးပေါင်သန်း ၃၀၀ကျော်ခန့် ရှိနေပြီးသန်း ၅၀ကျော် အရှုံးပေါ်ခဲ့သည်။ သို့အတွက်ကြောင့် အသင်းရှိ ကစားသမားများကိုထုတ်ရောင်း၍ ကြွေးမြီပြဿနာဖြေရှင်းရန် ကြိုးစားလာခြင်းဖြစ်သည်။ ဖာနန်ဒိုတောရက်စ်အား ချယ်လ်ဆီး အပြင် ဘာစီလိုနာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။ ***အင်တာနက်။***

လာဇီယိုမှ အလီကာဆန်ဒါကိုလာရော့ပ်အား ပေါင် ၁၆သန်းဖြင့်ခေါ်ယူရန် မန်စီးတီး သဘောတူညီမှုရရှိ

လန်ဒန် ဇူလိုင် ၁၉

မန်စီးတီးအသင်းသည် လာဇီယို အသင်းမှ ဆာဗီးယားကစားသမား ကိုလာရော့ဗ်အား ပေါင် ၁၆သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ အသက်(၂၄)နှစ်ရှိ ကိုလာရော့ဗ်သည် ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆာဗီးယားအသင်းနှင့်အတူခြေစွမ်းပြခဲ့သည့် ဘယ်နောက်ခံ ကစားသမားဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၉-၂၀၁၀ ဘောလုံးရာသီက ငွေကြေးမြောက်မြားစွာ အကုန်အကျခံကာ ကစားသမားများ ဝယ်ယူခဲ့သော်လည်း အောင်မြင်မှု ကြီးကြီးမားမား မရရှိခဲ့သည့် မန်စီးတီးအသင်းသည် ယခု အပြောင်းအရွှေ့ ရာသီတွင် ကိုလာရော့ဗ်အပါအဝင် ဒေးဗစ် ဆေးလ်ဗား၊ ယာယာတိုရေးနှင့် ဘိုတန်တို့ကို ခေါ်ယူမှုအတွက် ပေါင် ၇၅သန်း အသုံးပြုထားပြီးဖြစ်သည်။ ***အင်တာနက်။***

- လီဗာပူးအသင်းသည်ချယ်လ်ဆီးနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည့် ဂျိုကိုးလ်အား တစ်ပတ်လုပ်ခပေါင် ၉၀၀၀၀ ဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

- အသက်(၅၄)နှစ်ရှိ အေဂျက်နည်းပြ မာတင်ဂျိုးလ်မှာ ဖူလ်ဟမ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။

- ရီးယဲလ်မက်ဒရစ် အသင်း၏ နည်းပြဖြစ်သူ မော်ရင်ဟိုက ရီးယဲလ်မက်ဒရစ်သို့ပြောင်းရွှေ့လာခြင်းမှာ ဆုဖလားများ ရယူရန်မဟုတ်ဘဲ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်လို၍ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

✻ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ

ပဲမျိုးစုံ ဧက ၂၈၀နှင့် ဆီထွက်သီးနှံ ဧက ၇၂၀သီးထပ်အဖြစ် စိုက်ပျိုးသွားနိုင်တော့မည် ဖြစ်ကြောင်း၊ ထို့အပြင် ရေနက်ကွင်းဧရိယာ ၁၄၅၂ဧကမှာလည်း နှစ်စဉ်ရေကြီးနစ်မြုပ်မှုကြောင့် ရေတော်မိုးတော် စိုက်ပျိုးခဲ့ကြရကြောင်း၊ ထိုသို့ စိုက်ပျိုးရာ၌ မိုးရာသီကုန်ဆုံးသည်နှင့် ရေမရရှိတော့သဖြင့် ချောင်းအတွင်း၌ ရှိသောရေဖြင့် အဆောက်အအုံများဖြင့် ရေသိုလှောင်ရာတွင် မိုးရွာသွန်းမှုအခြေအနေကို ကြည့်ပြီးဆောင်ရွက်၍ လိုအပ်သလို အချိန်ကိုက် ထိန်းမထားနိုင်ကြောင်း၊ ရေကျနောက်ကျစပါးများ အောင်မြင်သင့်သလောက်မအောင်မြင်ခဲ့ကြောင်း။

ရေလှောင်တမံပြီးစီးပါက ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယခင်ကထက် ရာသီစောစွာစိုက်ပျိုးနိုင်မည်ဖြစ်၍အောက်ရေကို လိုအပ်သည့် အချိန်တွင် ရေလှောင်တမံမှ ရေလုံလောက်စွာချပေးနိုင်မည်ဖြစ်၍ သီးနှံအောင်မြင်မှု စိတ်ချသည့် အခြေအနေရောက်ရှိလာမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောဆိုသည်။ ။

ရေဘုတ် ရေလှောင်တမံ ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အားမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

သစ်ပင်စိုက်ပျိုး

ထားဝယ်မြို့ ဆင်ဆိပ်ပတ်လမ်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ဆင်ဆိပ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထင်လင်းကျော် ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၆ဒသမ ၂၂ လက်မ၊ ဗန်းမော်မြို့တွင် ၄ ဒသမ ၅၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ဒသမ ၉၈ လက်မ၊ လောင်းလုံမြို့တွင် ၂ဒသမ ၆၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ဒသမ ၆၀လက်မ၊ ကော့သောင်းမြို့တွင် ၂ဒသမ ၄၀လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ဇလွန်မြို့တွင် ၂ ဒသမ ၀၉ လက်မနှင့် စစ်တွေမြို့တွင် ၂ ဒသမ ၀၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဇူလိုင် ၂၀ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပထမနှစ်ဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။

(ခ) ပညာသင်နှစ် စတင်သည့်နေ့၌ အသက်(၂၀)နှစ်ထက် မကျော်စေရ။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှု မရှိစေရ။

(ဃ) အနုပညာ ဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်းဘွဲ့များ အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်-

	အထူးပြုဘာသာ	သင်တန်းကာလ	ဘွဲ့အမည်
(က)	ဂီတအထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(ဂီတ)
(ခ)	သဘင်အထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(သဘင်)
(ဂ)	ပန်းချီအထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(ပန်းချီ)
(ဃ)	ပန်းပုအထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(ပန်းပု)
(င)	ရုပ်ရှင်နှင့်ပြဇာတ်အထူးပြု	(၃)နှစ်	ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)

(ရုပ်ရှင်နှင့်ပြဇာတ်ပညာ အထူးပြုတက်ရောက်လိုသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌သာ တက်ရောက်ရမည်ဖြစ်သည်။)

၃။ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီခဲ့ပါက သင်တန်းကာလ (၄)နှစ် ဂုဏ်ထူးတန်းသင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်ရှိပြီး ဂုဏ်ထူးတန်းဘွဲ့များအား အပ်နှင်းသွားမည်ဖြစ်ပါသည်။

၄။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တက်ရောက်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲအား ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်စာစစ်ဌာနများမှအောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သို့လည်းကောင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ချင်းပြည်နယ်စာစစ်ဌာနများမှအောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်။

၅။ ထို့အပြင်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ တက်ရောက်ခွင့်ရရှိသူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနနှင့် Forever Group တို့ပူးပေါင်းဖွင့်လှစ်လျက်ရှိသော အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း၌ သင်တန်းကြေး၏ (၅၀) ရာခိုင်နှုန်းကိုသာပေးသွင်း၍ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၆။ လျှောက်လွှာပုံစံများအား အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/၈၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း၌လည်းကောင်း ဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာပုံစံများအား တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ ထောက်ခံချက်မူရင်း၊ ပတ်စပို့အရွယ်ဓာတ်ပုံ(၅)ပုံနှင့် အတူပူးတွဲလျက် အောက်တိုဘာလ ၂၅ ရက်နေ့ နောက်ဆုံးထား၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ တိုက်ရိုက်ပေးပို့ကြရမည်ဖြစ်ပြီး အောက်တိုဘာလ ၂၉ ရက်နေ့တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၈။ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းမူရင်းကို လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါ တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကိုသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ တယ်လီဖုန်းအမှတ်-၀၁-၅၉၀၂၅၂ နှင့် ၅၉၀၂၅၄ သို့လည်းကောင်း၊အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ တယ်လီဖုန်းအမှတ်၊ ၀၈၅၄၀၁၈၄ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖော်ဦး

မော်ကွန်းထိန်း

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

❍ ကျောဖုံးမှ

ဒိုင်နိုဆော်လူမျိုး သိပ္ပံပညာရှင်နှစ်ဦးသည် မြန်မာစပါးကြီးမြွေတစ်ကောင်၏ အစာချေဖျက်ပုံကို ကွန်ပျူတာဓာတ်မှန် Computed Tomography နှင့် ရေဒီယိုလှိုင်းစွမ်းအင်သုံး ပုံရိပ်ဖော်စက် magnetic resonance imaging တို့ဖြင့် လေ့လာခဲ့ကြသည်။

ကြွက်တစ်ကောင်အား ဝါးမျိုထားသော စပါးကြီးမြွေကို မေ့ဆေးပေးလိုက်ပြီးနောက် ယင်းကြွက်ကျေညက်သည်အထိ မြွေ၏ကိုယ်တွင်းအင်္ဂါများ အစာချေဖျက်ပုံကို ပုံရိပ်ဖော်စက်ကိရိယာများဖြင့် မှတ်တမ်းတင်ကာ သုတေသနပြုလေ့လာခဲ့သည်။

အဆိုပါစပါးကြီးမြွေသည် ကြွက်ကိုအစာချေဖျက်နိုင်ရန် ၁၃၂နာရီကြာ အချိန်ယူခဲ့ရသည်။ သိပ္ပံပညာရှင်များသည် အစာချေဖျက်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးကို အစအဆုံး မှတ်တမ်းတင်ခဲ့သည်။

မြန်မာစပါးကြီးမြွေ၏အစာခြေစနစ်ကို သိပ္ပံနည်းကျလေ့လာခဲ့ကြသူနှစ်ဦးမှာ ဒိန်းမတ်နိုင်ငံရှိ အားဟက်စ်တက္ကသိုလ်မှ ဇီဝဗေဒပညာရှင်များဖြစ်သော ဟင်းနရစ်လောရစ်ဆန်နှင့် ကက်စပါဟန်ဆန်တို့ ဖြစ်ကြသည်။

ချက်သမ္မတနိုင်ငံ ပရာဟာမြို့၌ မကြာသေးမီက ဇီဝဗေဒပညာရှင်များအသင်း၏ နှစ်ပတ်လည်ဆွေးနွေးပွဲတွင် အဆိုပါသိပ္ပံပညာရှင်နှစ်ဦးက စပါးကြီးမြွေ၏ အစာခြေစနစ်ကို ရှင်းလင်းတင်ပြခဲ့သည်။

အစာအဖြစ်ဝါးမျိုခံရသော ကြွက်၏ကိုယ်ထည် မြွေ၏ခန္ဓာအတွင်း တစ်စစကွယ်ပျောက်သွားပုံကို ကွန်ပျူတာဓာတ်မှန်နှင့် ရေဒီယိုလှိုင်းစွမ်းအင်သုံး ပုံရိပ်ဖော်စက်တို့ဖြင့် ၁၃၂နာရီကြာ မှတ်တမ်းတင်ခဲ့သည်။ ယင်းကဲ့သို့အစာချေဖျက်ရာတွင် အစာခြေအဖွဲ့၏ အူများပြန့်ကားလာပုံ၊ မြွေ၏သည်းခြေအိတ်ကျုံ့သွားပုံ၊ မြွေ၏နှလုံးအရွယ်အစား ၂၅ရာခိုင်နှုန်းအထိ ကြီးလာပုံတို့ကို သုတေသီတို့က တင်ပြခဲ့သည်။

အင်တာနက်။

ဇီဝမျိုးစုံမျိုးကွဲနှစ်အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဘားအံ ဇူလိုင် ၁၉

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရေတုတ်ဆည်ဧရိယာအတွင်းတွင် ဇီဝမျိုးစုံမျိုးကွဲနှစ်အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ညိမ်းနှင့် ဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်၍ သစ်ပင်များစိုက်ပျိုးကြသည်။ (ပြည်နယ်ပြန်/ဆက်)

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ဇူလိုင် ၂ ရက်က လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များ ပေးအပ်စဉ်။ (ပြည်နယ်ပြန်/ဆက်)

ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဆွေးနွေးပွဲနှင့် မီးအာမခံထားရှိရေးဆွေးနွေးပွဲကို ဇူလိုင် ၇ ရက်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်၊ မြန်မာ့အာမခံလုပ်ငန်း ဖျာပုံခရိုင် တာဝန်ခံ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဈေးသူ၊ ဈေးသားများ ညှိနှိုင်းဆွေးနွေးကြစဉ်။ (မြို့နယ်စည်ပင်)

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအတွင်း မီးသတ်ရေကန်တည်ဆောက်ထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကော့မှူးမြို့နယ်အသင်း နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်း ကော့မှူးမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ (ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်)အနီးတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကော့မှူးမြို့နယ် အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စခန်းကြီးကျေးရွာ အဝင်လမ်း ဂဝံထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့ အထက (၂) ယခင် အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးတို့အား စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပရေး အစည်းအဝေးကို ဇူလိုင် ၁၁ရက်က အဆိုပါကျောင်း ပညာရွှေရည်ခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်းမတည် လှူဒါန်းငွေကျပ် သိန်း၃၀ ကို ဒု-ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် ဒု-ဥက္ကဋ္ဌ(၂) ဦးတင်ရည်တို့ထံ ပေးအပ်စဉ်။ (၅၅၂)

ရေဦးမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇူလိုင် ၁၉

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း)ဖုန်း-၅၅၆၈၄၀၊ ဦးကိုကိုကြီး ဖုန်း-၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၁နှင့် ဦးမြ ဖုန်း-၀၉၅၁၇၇၆၇၄ တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၁၁ရက်က ဝါးခယ်မမြို့ ဈေးရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ဈေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် ကျောင်းအကျိုးဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများ စိုက်ပျိုးကြစဉ်။ (၁၈၂)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်လုပ်ငန်း အသိပေးဆွေးနွေး

မော်လမြိုင် ဇူလိုင် ၁၉

မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်လုပ်ငန်းများ အသိပေးဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်း၊ ပြည်နယ်ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဉာဏ်ဆင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးတို့က မော်လမြိုင်မြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာများ၌ ဆောင်ရွက်မည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့် လုပ်ငန်းများကို အသိပေး ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အသိပေးဆွေးနွေးပွဲသို့ မော်လမြိုင်မြို့နယ် ကျန်းမာရေးကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟောပြောပို့ချ

ဇူလိုင် ၁၅ ရက်က ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၅) ယာဉ်ထိန်းနယ်မြေမှူး ဒုရဲမှူးမောင်မောင်သက် အလုံမြို့နယ်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်ခန်းစာများ ဟောပြောပို့ချစဉ်။ (ယာဉ်စည်းကမ်း)

တောင်ဥက္ကလာပမြို့နယ် အမက (၂၆)တွင် အာဟာရကျွေးမွေးခြင်း အစီအစဉ်အရ ဇူလိုင် ၁၆ ရက်က ကျောင်းအုပ်ဆရာကြီး ဦးခင်မောင် နှင့် ဆရာများဦးဆောင်၍ စတုတ္ထတန်းမှ မောင်ဖြိုးဝေညွန့်၏ ကိုးနှစ်ပြည့်မွေးနေ့ အလှူဒါန အုန်းနို့ခေါက်ဆွဲ ကျွေးမွေးစဉ်။ (ပညာရေး)

မြေယာရှုခင်း ဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၁၉

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြစ်ကြီးနားမြို့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းလယ်ကျွန်းများအား မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၀ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် လှိုင်းဘွဲမြို့နယ်မှ ရေဘုတ်ရေလှောင်တမံ

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းပေါ်တွင် အလျား ပေ ၁၇၇၂၀၊ အမြင့် ၄၆ ပေနှင့် သိုလှောင်ရေပမာဏ ဧကပေ ၃၆၀၀၀ ခန့် သိုလှောင်၍ လယ်မြေဧရိယာ ၅၄၅၂ ဧကခန့်ကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်မည့် ရေဘုတ်ရေလှောင်တမံကို တည်ဆောက်လျက်ရှိသည်။

ရေဘုတ်ရေလှောင်တမံ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဌေးက ကြိုတင်ရှင်းလင်းပြသခဲ့ရာ ရေဘုတ်ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်းရှိ လယ်မြေ ၅၄၅၂ ဧကအပေါ်တွင် ရေတော်မိုးတော် ဧက ၄၀၀၀ နှင့် ရေကျနောက်စိုက် ၁၄၅၂ ဧကကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ရေတော်မိုးတော် ဧက ၄၀၀၀ တွင် ယခင်က မိုးစပါး တစ်သီးသာ စိုက်ပျိုးခဲ့ရာမှ ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက နွေစပါး ဧက ၃၀၀၀၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း ခင်မောင်သန်း(စက်မှု)
အဆင်အပြင် - မင်းမင်း

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားသည့် ရေဘုတ်ရေလှောင်တမံမှ သိုလှောင်ရေကို စတင်လွှတ်ပေးမည့် ပင်မမြောင်းမကြီးအား တွေ့ရစဉ်။

ဇီဝဗေဒ အင်တာနက်သတင်း ဘာသာပြန် - စံစံ

မြန်မာစပါးကြီးမြွေတစ်ကောင်ကို သုတေသန ဓာတ်ခွဲခန်းအတွင်း ဇီဝဗေဒပညာရှင်တစ်ဦး လေ့လာနေစဉ်။
(ဓာတ်ပုံ- အင်တာနက်)

မြန်မာစပါးကြီးမြွေ အစာချေဖျက်ပုံ ပုံရိပ်ဖော်စက်ကိရိယာများဖြင့် လေ့လာ

ပရာဟာ ဇူလိုင် ၁၉

တိရစ္ဆာန်များ၏ ခန္ဓာဗေဒကို ပိုမိုသိရှိနားလည်လာစေရန် မြန်မာစပါးကြီးမြွေအမျိုးအစား မြွေတစ်ကောင်၏ အစာချေဖျက်ပုံကို သိပ္ပံပညာရှင်များက ခေတ်မီနည်းပညာသုံး ပုံရိပ်ဖော်စက်ကိရိယာများဖြင့် အသေးစိတ် လေ့လာခဲ့ကြကြောင်း လေ့လာချက်တစ်ရပ်အရ သိရသည်။ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❍**